ကြေးမုံ
The Mirror

၁၃၆၉ ခုနှစ်၊ နယုန်လပြည့်၊ ဗုဒ္ဓဟူးနေ့၊ (30-5-2007) (၅၃၃၃)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက် စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည်နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ချင်းပြည်နယ် လက်ဖက်စိုက်ခင်းများနှင့် ရော်ဘာစမ်းသပ်စိုက်ခင်းများကြည့်ရှု စစ်ကိုင်းတိုင်း ကလေးမြို့ စက်မှုဇုန်ကိုကြည့်ရှုစစ်ဆေးပြီး အရည်အသွေးကောင်းစက်ပစ္စည်းများ ထုတ်လုပ်ရေးမှာကြား

နေပြည်တော် မေ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ချင်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်မှူးချုပ် ဟုန်းငိုင်၊ ဒုတိယဥက္ကဋ္ဌ ဗိုလ်မှူးကြီးဇော်မင်းဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးနှင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၆ ရက်နံနက် ၆ နာရီ ၄၅ မိနစ်တွင် ဟားခါးမြို့ နယ်မြေခံတပ်နယ်ခန်းမ၌ တပ်နယ်မိသားစုဝင်များအား တွေ့ဆုံ၍ လိုအပ်သည်များ ရှင်းလင်းမှာကြားသည်။

ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ပန်ဆင်ကာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေး လုပ်ငန်းစဉ်ငါးရပ် အောင်မြင်အောင် ကြိုးပမ်းဆောင်ရွက်ရေး၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းပါဝင်ကြရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့သည် တပ်နယ်မိသားစုများအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးတပ်နယ် လက်ဖက်စိုက်ပျိုးခြံသို့ ရောက်ရှိကြပြီး နယ်မြေခံတပ်မှ ဒုတိယဗိုလ်မှူးကြီးဌေးအောင်က လက်ဖက်စိုက်ပျိုးမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လျာထားသတ်မှတ်ချက်နှင့်အညီ အပြည့်အဝစိုက်ပျိုးရေး၊ ရေခံမြေခံကောင်းသည့် နေရာများတွင် ရနိုင်သမျှ တိုးချဲ့စိုက်ပျိုးသွားရေး၊ လက်ဖက်အပြင် ထောပတ်၊ ပိန္နဲ၊ တညင်း စသည့် နှစ်ရှည်ပင်များကိုလည်း ကျယ်ကျယ်ပြန့်ပြန့် စိုက်ပျိုးရေးတို့ကို မှာကြားသည်။

စာမျက်နှာ ၆ ကော်လံ ၁ သို့ *

ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့် ဖလမ်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အဆင့်မြင့်စံပြ လက်ဖက်စိုက်ခင်းကို ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)

ကြေးမုံ
The Mirror

ဆောင်းပါး အညွှန်း

“ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်းစောင့်ရှောက်ခြင်းဟာ ပြည်သူ့ဘဝလုံခြုံရေးနဲ့ နိုင်ငံတော် ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်း ဖြစ်တယ်လို့ ပြည်သူလူထုက ယုံကြည်လက်ခံထားပြီးဖြစ်တယ်လေ။ အဲဒီအတိုင်း လက်တွေ့ကျင့်သုံးနေကြောင်း ဆူပူလှုံ့ဆော်သူမှန်သမျှကို တားဆီးထိန်းသိမ်းနေတဲ့ ဖြစ်ရပ်က သက်သေပြနေပါတယ်”

စာဖတ်သူတစ်ဦး၏ **“ရွာဆူအောင်လာမလုပ်နဲ့ ... တောထုတ်တဲ့ခလေ့”**

(ဆောင်းပါး) စာမျက်နှာ–၈၉

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror

၂၀-၅-၂၀၀၇
(ဗုဒ္ဓဟူးနေ့)

သက်ရှည်ကျန်းမာရေး ဗီတာမင်ဒီ ပြည့်ဝစွာရရှိရန်လို ဟင်းသီးဟင်းရွက်များ မှန်မှန်စားသုံး

လူ့အဖွဲ့အစည်းတစ်ရပ်၏ ဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံအကျဆုံး လိုအပ်ချက်မှာ ကျန်းမာရေးပင်ဖြစ်သည်။ ကျန်းမာခြင်းသည် ဉာဏ်ရည်မြင့်မားရေးကို အထောက်အကူပြုရာ လူတိုင်းလူတိုင်းက အသက်ရှည်စွာ နေထိုင်နိုင်ရေးနှင့် ကျန်းမာကြံ့ခိုင်ရေးကို အလေးထားကြရမည်ဖြစ်သည်။

လူနှင့်သတ္တဝါများ ကြီးထွားဖွံ့ဖြိုးရန်နှင့် ခန္ဓာကိုယ်ထဲရှိ ကလာပ်စည်းများ ပုံမှန်လုပ်ဆောင်ရန် ဗီတာမင်များ လိုအပ်သည်။ ဗီတာမင်ဒီသည် အရိုးနှင့် အဆစ်များ သန်စွမ်းရေးအတွက် အရေးပါသည်။ ထို့အပြင် ကိုယ်ခံအားကောင်းစေပြီး ကြွက်သားများကို သန်စွမ်းစေပေသည်။ သုတေသနတွေ့ရှိချက်များအရ အချို့သောရောဂါများကို ကာကွယ်ကုသနိုင်ရုံမျှမက အိုမင်းရင့်ရော်ခြင်းကိုလည်း တားဆီးနိုင်ကြောင်း တွေ့ရသည်။

ဗီတာမင်ဒီသည် ခန္ဓာကိုယ်ထဲတွင် ဟော်မုန်းအသွင်ပြောင်းလဲ၍ ပုံမှန်ဆဲလ်များ၏ ကြီးထွားမှုကို ထိန်းသိမ်းပေးပြီး ပုံမှန်မဟုတ်သော ဆဲလ်များပွားများခြင်းကို တားဆီးပေးသဖြင့် ကင်ဆာရောဂါ ဖြစ်ပွားမှုကိုလည်း တားဆီးပေးသည်။ ဗီတာမင်ဒီ လုံလောက်စွာ ရရှိခြင်းဖြင့် နှလုံးရောဂါ၊ အဆစ်အမြစ်ရောင်ရောဂါ၊ အရိုးရောဂါ၊ ဆီးချိုနှင့် သွေးဖုံးရောဂါ ဖြစ်ပွားမှုတို့ကိုပါ ကာကွယ် တားဆီးပေးကြောင်း သိရသည်။

ထို့ကြောင့် ကိုယ်ခန္ဓာအတွက် လုံလောက်သော ဗီတာမင်ဒီ ရရှိစေရန် နံနက်ပိုင်း၌ ၁၅ မိနစ်ခန့် နေပူဆာလှုံသင့်သည်။ အရွယ်ရောက်ပြီးသူတစ်ဦးအတွက် တစ်ရက်လျှင် နာရီဝက်ခန့် လမ်းလျှောက်ခြင်း၊ ရောင်စုံအသီးအနှံနှင့် ဟင်းသီးဟင်းရွက်များ၊ သဘာဝရေငန်ငါးများ မှန်မှန်စားသုံးခြင်းတို့ဖြင့် ကျန်းမာရေးအတွက် ပိုမိုအကျိုးသက်ရောက်မှု ရရှိစေမည်ဖြစ်သည်။

ဗီတာမင်ဒီချို့တဲ့ပါက သွေးတိုး၊ အဝလွန်ရောဂါ၊ ဆီးချိုနှင့် နှလုံးသွေးကြောကျဉ်းရောဂါများ ဖြစ်တတ်သည်။ ထို့ကြောင့် လူသားများ သက်ရှည်ကျန်းမာရေးအတွက် ဗီတာမင်ဒီ ပြည့်ဝစွာ ရရှိနေစေရေး ဂရုပြုနေထိုင် စားသောက်ကြရမည်ဖြစ်သည့်အပြင် ဗီတာမင်ဒီပါဝင်သော အသားနှင့် အစားအစာများ ဖြည့်စွက်စားသောက်ကြခြင်းဖြင့် နုပျိုရွှင်လန်း ကျန်းမာခြင်းသုခဖြင့် ပြည့်စုံကြမည် ဖြစ်ပါသည်။ ။

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်း ကျောင်းလမ်းရှိ မြန်မာနိုင်ငံ ဗုဒ္ဓဂယာကျောင်းတော်အတွင်း ကုန်းတော်မြတ်နေရာ၌ ဗုဒ္ဓဂယာအောင်မြေ ဗောဓိ မဟာဗောဓိစေတီတော်မြတ်ပုံစံတူ (ဧရိယာ–၄၀x၆၃–အမြင့်) ဗုဒ္ဓဂယာမဟာဗောဓိ သိမ်တော်မြတ်စေတီတော် တည်ထားကိုးကွယ် ဆောက်လုပ်ရန်အတွက် ရန်ကုန်မြို့ ကမာရွတ်မြို့နယ် (၁)ရပ်ကွက် အင်းစိန်လမ်းနေ ဒေါ်အေးချိုနှင့် သားသမီးများဖြစ်သော ကိုသက်ထူးမောင်–မနီလာအေး(ရင်သွေးရတနာပျိုးခင်း အဆင့်မြင့်မူကြို) မိသားစုက အလှူငွေကျပ် ၁၀၀၀၀၀ကို အမှူးဆောင် ဆရာတော် ပြည်တော်သာ အရှင်စန္ဒန (မွေ့စရိယ)ထံ ဆက်ကပ်လှူဒါန်းစဉ်။ (ကြေးမုံ)

ပြည်သူ့သဘောထား
★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲနှင့် ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်က ကြီးမှူးကျင်းပသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးပွဲနှင့် နား၊ နှာခေါင်း၊ လည်ချောင်းအထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင် စိုက်ထူလှူဒါန်းပွဲ အခမ်းအနားကို ယမန်နေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ တာမွေမြို့နယ်ရှိ နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေးနှင့်အဖွဲ့အား နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံအုပ်ကြီး ဒေါက်တာကျော်လှမြင့်က အထူးကုဆေးရုံကြီးနှင့် စပ်လျဉ်း၍ မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြပြီး မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး၊ စီမံရေးရာဌာနဌာနကြီးမှူး ဒေါက်တာဒေါ်ခင်ဆန်းနွယ်၊ ရန်ကုန်တိုင်း အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်မာမာဝေတို့က ဆေးရုံကြီးဝင်းအတွင်း၌ ခြံစည်းရိုးကြက်ဆူပင်များကို စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်းအဖွဲ့ဝင်များက စုပေါင်း၍ တပျော်တပါး ခြံစည်းရိုးကြက်ဆူပင်များ စိုက်ပျိုးနေမှုနှင့် ချုံနွယ်ပိတ်ပေါင်းများ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ တူးဖော်ခြင်း၊ မှက်၊ ခြင်၊ ယင်များ ပေါက်ပွားမှု မရှိအောင် ဆေးဖျန်းခြင်း စသည့် အထူးသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ထို့နောက် နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီးသို့ ဆေးပဒေသာပင်စိုက်ထူ လှူဒါန်းပွဲ အခမ်းအနားကို ကျင်းပရာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ် စီမံရေးရာဌာန ဌာနကြီးမှူး ဒေါက်တာ ဒေါ်ခင်ဆန်းနွယ်က ဆေးပဒေသာပင် စိုက်ထူလှူဒါန်းရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် အလှူရှင်များ ဖြစ်ကြသည့် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်နှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေးကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်မာမာဝေတို့က အလှူငွေကျပ် နှစ်သိန်းစီ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန်ဗိုလ်မှူးချုပ်အောင်သိန်းလင်းနှင့် ဇနီး ဒေါက်တာဒေါ်ခင်ဆန်းနွယ် မိသားစုက အလှူငွေကျပ်တစ်သိန်း၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီက အလှူငွေကျပ် နှစ်သိန်း၊ ဗိုလ်မှူးချုပ် စည်သူတင်ဖေ (အငြိမ်းစား) – ဒေါ်သိန်းဆိုင် (စာရေးဆရာမကြီးမမြတ်လေး)၏ သားသမီးမြေးတစ်စုက ငွေကျပ် တစ်သိန်း၊ မြန်မာနိုင်ငံ ဆန်ကုန်သည်ကြီးများအသင်းက ငွေကျပ် ၁၀ သိန်း၊ ဦးမြသိန်း (တာမွေလေးရပ်ကွက်)ဦးတင်မိုးအောင် (အရိုးကုန်းရပ်ကွက်)၊ ဒေါက်တာစောလှဖြူ(၆/က နတ်မောက်လမ်း)နှင့် ဦးသိန်းအောင်(REYNOLD)ဘောပင် နတ်ချောင်းရပ်ကွက်တို့က ငွေကျပ် တစ်သိန်းစီ၊ ဦးကျော်မင်း (ကွမ်းသီးလုပ်ငန်း)ကငွေကျပ်နှစ်သိန်း၊ RELAX စားသောက်ဆိုင်က ငွေကျပ်တစ်သိန်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် သန့်ရှင်းရေးဌာနက အမှိုက်ပုံး ၁၀ပုံးနှင့် အမှိုက်အိတ် ၁၀၀၊ ဒေါ်ဝင်းဝင်းမာ (၃၄၉/ဗညားဒလလမ်း) နှင့် ဦးစိုးမြင့်ကြည် (မေတ္တာညွန့်) တို့က ငွေကျပ်တစ်သိန်းစီအပါအဝင် အလှူရှင်များက စုစုပေါင်းအလှူငွေ ကျပ် ၂၈၅၀၀၀၀ ကို လှူဒါန်းကြရာ ဆေးရုံအုပ်ကြီး ဒေါက်တာကျော်လှမြင့်၊ ကျန်းမာရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဦးကျော်လင်း၊ ရန်ကုန်တိုင်း ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာလှမြင့်တို့က လက်ခံကြပြီး အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများကို ပြန်လည် ပေးအပ်ကြ၍ ဆေးရုံအုပ်ကြီးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်သက်ဌေး နား၊ နှာခေါင်း၊ လည်ချောင်း အထူးကုဆေးရုံကြီး၌ ခြံစည်းရိုးကြက်ဆူပင်ကို စိုက်ပျိုးပေးစဉ်။ (မြို့တော်စည်ပင်)

ရထားစက်ရုံများထုတ်လုပ်မှု တိုးတက်ရေး ဒုတိယဝန်ကြီး သူရဦးသောင်းလွင် ဆွေးနွေးမှာကြား

နေပြည်တော် မေ ၂၉

ရထားပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး သူရဦးသောင်းလွင်သည် ရထားစက်ရုံများတွင် ထုတ်လုပ်မှုတိုးတက်ရေး စီမံခန့်ခွဲမှုဘာသာရပ် လက်တွေ့အကောင်အထည်ဖော်ရေးနှင့် စပ်လျဉ်း၍ လူစီးတွဲနှင့်ကုန်တွဲစက်ရုံ(မြစ်ငယ်)မှ စက်ရုံမှူး၊ စက်ရုံမှ အင်ဂျင်နီယာများ၊ အလုပ်ရုံစုမှူးများအား တွေ့ဆုံဆွေးနွေးပွဲကို မေ ၂၅ ရက်တွင် လူစီးတွဲနှင့် ကုန်တွဲစက်ရုံ(မြစ်ငယ်)၌ ကျင်းပသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီး သူရဦးသောင်းလွင်က ဆွေးနွေးမှာကြားရာတွင် အဆင့်မြင့်လူစီးတွဲ အသစ်များ တည်ဆောက်ခြင်းနှင့် လူစီးတွဲ၊ ကုန်တွဲများ အကြီးတန်း ပြုပြင်မွမ်းမံခြင်း၊ ထုတ်လုပ်မှု လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုဘာသာရပ်နှင့် လက်တွေ့အသုံးပြု ခြင်း၊ စက်ရုံ၏ထုတ်လုပ်မှု အရေအတွက်နှင့် အရည်အသွေးမြှင့်တင်ခြင်းအတွက် လက်တွေ့ကျကျ အသုံးပြုခြင်း၊ လက်ရှိစက်ရုံအလုပ်စီးဆင်းမှုနှင့်ယှဉ်၍ ချပြဆွေးနွေးသည်။

ဆက်လက်၍ စက်ရုံအင်ဂျင်နီယာ အရာရှိများနှင့် အလုပ်ရုံစုမှူးများက လက်တွေ့ အကောင်အထည်ဖော်ရန်အတွက် လုပ်ငန်းသဘာဝသုံးသပ်ခြင်း၊ စီမံစုဖွဲ့ခြင်း၊ ဆောင်ရွက်မည့် အစီအစဉ်ချမှတ်ခြင်း စသည့် လုပ်ငန်းစဉ်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် စက်ရုံ၏ ထုတ်လုပ်မှုလမ်းကြောင်း အဆင့်ဆင့်၌ ကြာမြင့်သည် ရက်ကာလ ယခုထက် မြန်ဆန်စေရန်ဆောင်ရွက်နိုင်သည့် နည်းလမ်းအမျိုးမျိုးကိုလည်းကောင်း၊ စက်ရုံဝန်ထမ်းအဆင့်ဆင့်တို့၏ နည်းပညာကျွမ်းကျင်မှုနှင့် အလုပ်စနစ်များကို သိရှိကျွမ်းကျင်စေရေးအတွက် လေ့ကျင့်သင်တန်းပေးရန်များကို ညှိနှိုင်းကြသည်။ ထို့နောက် ဒုတိယဝန်ကြီးသည် လူစီးတွဲနှင့် ကုန်တွဲများအကြီးတန်း ပြုပြင်မွမ်းမံနေသည့် လုပ်ငန်းခွင်များနှင့် လူစီးတွဲတည်ဆောက်နေသည့် လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။ ယင်းနောက် စက်ရုံခန်းမ၌ စက်ရုံမှူး၊ အရာရှိများနှင့် ကြီးကြပ်ရေးဝန်ထမ်းများအား တွေ့ဆုံကာ လူစီးတွဲ ကုန်တွဲ ထုတ်လုပ်မှု အရေအတွက်ရော အရည်အချင်းပါ တိုးမြှင့်ရေး၊ ဝန်ကြီးဌာန အောက်ရှိ မိတ္ထီလာ ဗဟိုပို့ဆောင်ဆက်သွယ်ရေးကျောင်း၌ ယခုနှစ် ဇူလိုင်လမှ အစပြု၍ ကုန်ထုတ်လုပ်မှု စီမံခန့်ခွဲရေးသင်တန်း ဖွင့်လှစ်သင်ကြားမည့် ကိစ္စတို့ကို ဆွေးနွေးမှာကြားသည်။

ဒုတိယဝန်ကြီးသည် မေ ၂၆ ရက် နံနက်ပိုင်းတွင် မြစ်ငယ်စက်ရုံ၌ အမရပူရမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအေးသန်းနှင့် တာဝန်ရှိသူများအား တွေ့ဆုံ၍ စက်ရုံ၏ လူ၊ ပစ္စည်း၊ လုံခြုံရေးအတွက် စီမံဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးမှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မေ ၂၇ ရက်တွင် ရွာထောင် စက်ခေါင်းစက်ရုံ၌ စက်ရုံမှူးနှင့် စက်ရုံအင်ဂျင်နီယာ အရာရှိများ၊ အလုပ်ရုံစုမှူးများအား တွေ့ဆုံ၍ တိုးတက်များပြားလာသော ရထားစီးခရီးသည်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းနိုင်ရန်အတွက် မွမ်းမံပြင်ဆင်နေသော စက်ခေါင်းများကို အရည်အသွေးမီ၊ အချိန်မီ ပြုပြင်ထုတ်လုပ်နိုင်ရေး၊ လုပ်ငန်းကျွမ်းကျင်မှုနှင့် စီမံခန့်ခွဲမှု အရည်အသွေး မြှင့်တင်ရေးအတွက် လေ့ကျင့်သင်တန်းပေးရေး တို့ကို ဆွေးနွေး မှာကြားပြီးစက်ရုံ၏ လိုအပ်ချက်များကိုဖြည့်ဆည်းပေးခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အထူးအယူခံမှုများ စီရင်ချက်ချမှတ်

နေပြည်တော် မေ ၂၉

တရားရုံးချုပ် (ရန်ကုန်) ဒုတိယတရားသူကြီးချုပ် ဦးသိန်းစိုး၊ တရားရုံးချုပ်(ရန်ကုန်) တရားရုံးချုပ် တရားသူကြီးများဖြစ်ကြသော ဦးမြင့်သိန်းနှင့် ဦးဟန်ရှိန်တို့ ပါဝင်သော အထူးအယူခံခုံရုံးသည် ယမန်နေ့နံနက် ၁၀နာရီတွင် တရားရုံးချုပ်(နေပြည်တော်) တရားခွင်အမှတ်(၁)၌ ရုံးထိုင်၍ ပြစ်မှုဆိုင်ရာ အထူးအယူခံမှု သုံးမှုနှင့် တရားမအထူးအယူခံမှု ရှစ်မှုကို စီရင်ချက်ချမှတ်သည်။ ထို့ပြင် ၂၀၀၀ ပြည့်နှစ် တရားစီရင်ရေးဥပဒေပုဒ်မ (၇)အရ တင်သွင်းသည့် တရားမအထူးအယူခံမှု ငါးမှုကို ကြားနာကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် သစ်တောသုတေသနဌာန ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြှင့်တင်ရေးစီမံကိန်းမှ အမျိုးသားအဆင့် အပြီးသတ် အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲတွင် အမှာစကားပြောကြားစဉ်။ (သစ်တော)

အမျိုးသားအဆင့် အပြီးသတ်အလုပ်ရုံဆွေးနွေးပွဲ ဖွင့်ပွဲကျင်းပ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်အမှာစကားပြောကြား

နေပြည်တော် မေ ၂၉

ကမ္ဘာ့ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့(FAO) အထောက်အပံ့ဖြင့် သစ်တောရေးရာဝန်ကြီးဌာန သစ်တောဦးစီးဌာန သစ်တောသုတေသနက အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော သစ်တောသုတေသနဌာန ဖွံ့ဖြိုးတိုးတက်ရေးနှင့် အဆင့်မြှင့်တင်ရေးစီမံကိန်းမှ အမျိုးသားအဆင့် အပြီးသတ်အလုပ်ရုံဆွေးနွေးပွဲဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောသုတေသန စုဝေးခန်းမ၌ကျင်းပရာ သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင် တက်ရောက်၍ အမှာစကားပြောကြားပြီး FAOဌာနေကိုယ်စားလှယ် Mr.Tang Zinping က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ဖွင့်ပွဲသို့ သစ်တောရေးရာဝန်ကြီးဌာနရှိ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ FAO ဌာနေကိုယ်စားလှယ်နှင့်ကျွမ်းကျင်သူပညာရှင်များ၊ FREDA နှင့် BENCA တို့မှ တာဝန်ရှိသူများ၊ သစ်တောဦးစီးဌာနနှင့်တက္ကသိုလ်များမှ ပါဝင်ဆွေးနွေးကြမည့်ပုဂ္ဂိုလ် ၅၀တို့တက်ရောက်ကြသည်။

အဆိုပါအလုပ်ရုံဆွေးနွေးပွဲကို ယနေ့မှ မေ ၃၁ ရက်အထိ ကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ကြေးပိဋကတ်ဆရာတော် ဝိဇာတမင်္ဂလာပူဇော်ပွဲ ကျင်းပမည်

ရန်ကုန် မေ ၂၉

ဗဟန်းမြို့နယ် ကြားတောရရပ်ကွက် ကိုယ့်မင်းကိုယ့်ချင်းလမ်း ကျောင်းတော်ရာ ရွှေကျင်တိုက်ကြီး၏ နာယက မင်္ဂလာတိုက်ကျောင်း၏ ဦးစီးပဓာန နာယက ကြေးပိဋကတ်ဆရာတော် ဘဒ္ဒန္တဉာဏ(အစိုးရမွှာစရိယ၊ မဟာဂန္ထဝါစကပဏ္ဍိတ)၏ သက်တော်(၆၄)နှစ်ပြည့် ဝိဇာတမွေးနေ့ပူဇော်ပွဲကို ဇွန်၁ရက်နံနက်၆နာရီမှ၁၀နာရီအထိ ကျင်းပမည်ဖြစ်ရာ တပည့်ဒါယကာ ဒါယိကာမများ ကြွရောက်ကြည်ညို နိုင်ကြောင်းနှင့် ဖုန်း-၅၄၈၈၀၅၊၀၉-၅၁၉၅၂၀၆ သို့ ဆက်သွယ်လှူဒါန်း နိုင်ကြောင်းသိရသည်။ (က-ပ)

လပြည့်နယုန် မဟာဝုန်

* ကောလိယနှင့်၊ ကပိလဝတ်
ရောဟိဏီမြစ်ရေ၊ ခွဲဝေမပြု
ရေလုပွဲကြီး၊ ဒေါသမီးတိုက်
ခိုက်ရန်စစ်ခင်း၊ လောင်မြိုက်ပြင်းသည်
သွေးချင်းချင်းနီတော့မည် ရောဟိဏီ။

* နှစ်ပြည်ထောင်သား၊ အငြင်းပွားသည့်
ရောဟိဏီအပါး၊ ဘုရားရှင်မြတ်
ကြွလာလတ်၍၊ စစ်မက်ဇာတ်သိမ်း
ငြိမ်းချမ်းရေးရှု၊ သာကေပြုကာ
ဟောမှုဒေသနာ၊ ကြားနာရမှ
လောဘဒေါသ၊ ငြိမ်းအေးကြလျက်
လက်နက်စွန့်ပစ်၊ မေတ္တာရစ်ယှက်
နှစ်ဖက်ပြည်ထောင်၊ မင်းညီနောင်တို့
ရဟန်းဘောင်တွင်၊ မှီခိုဝင်ကြ
ဗုဒ္ဓကျေးဇူး ဂုဏ်တော်တည်း။

* မဟာသက္ကရာဇ်၊ တစ်ရာ့ရှစ်ခု
ပျိုမျစ်လမင်း၊ ထွက်ပြူလင်းစ
နယုန်လပြည့်၊ သက္ကတိုင်း၏
ကပိလဝတ်၊ ပြည်မြတ်သာမော
မဟာဝုန်တောတွင်၊ ဘုန်းရှင်ထွတ်ချာ
ငါးရာရဟန္တာ၊ ရံကာသီတင်းသုံး
စုရုံးရောက်လာ၊ စကြဝဠာပေါင်း
တစ်သောင်းဆူဝေ၊ ဗြဟ္မာသိကြား
နဂါးဂဠုန်၊ မကြုံဆုံစည်း
စုစည်းဖူးမြော်၊ ရှိကော်ရော်လျှင်
စောရှင်မြတ်စွာ၊ **"မဟာသမယသုတ်"**
ပတ္တမြားနှုတ်မှ၊ ဟောညွှန်ပြသည်
အေးမြချမ်းငြိမ်း၊ မေတ္တာမယိမ်းယိုင်
ဂနိုင်သာမော၊ တောမဟာဝုန်
နယုန်လပြည့်၊ ထိုနေ့ညချမ်း
ငြိမ်းချမ်းပန်းချီ၊ လှခြယ်စီခဲ့
ဘယ်ပန်းချီရေး၍ မမီနိုင်တကား။ ။

(နယုန်လပြည့်မဟာသမယနေ့ကို ဂုဏ်ပြုပူဇော်ပါ၏)

ဦးအောင်မွန်(မဟာဝိဇ္ဇာ)

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရန် ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

(၁၉)

မြန်မာရွှေသရဖူ ကုမ္ပဏီပိုင်ရှင် ဦးကျော်ဝင်း-ဒေါ်ခင်ဆွေဦး (သီရိသုဓမ္မသီဂီ) ၁၆၅လမ်း တာမွေမြို့နယ်မှ ဆောက်လုပ်လှူဒါန်းသည့် ငွေကျပ်သိန်း၆၀တန် သက္ကလ-ဒက္ခိဏာရုံကျောင်းတိုက် ကားကူးကွန်ကရစ်တံတားသစ်ကို ပဓာန နာယကဆရာတော် ဘဒ္ဒန္တအာသဖ၊ **ကျေးရွာအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဟန်တင်စိုးနှင့် အဘွား ဒေါ်စန်းကြွေတို့ မေ ၈ ရက်တွင် ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးစဉ်။** (က-ပ)

ရန်ကုန်မြို့ သန့်ရှင်းလှပရေးနှင့် ရေစီးရေလာကောင်းမွန်ရေး ဆောင်ရွက်မှုလုပ်ငန်းများ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် တာဝန်ရှိသူများလိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် တာမွေမြို့နယ် မေတ္တာညွန့်ရပ်ကွက်ရှိ အနန္တဂုဏ်ရည်လမ်းသို့ရောက်ရှိရာ တာဝန်ရှိသူများက မေတ္တာညွန့်ရပ်ကွက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်စေရေးအတွက် ရေနုတ်မြောင်း တူးဖော်ဖောက်လုပ်နေမှု၊ အမှိုက်နှင့်နုန်းများ ဆယ်ယူရှင်းလင်းနေမှုနှင့် ဒဂုံလွင်လမ်းဖြတ် မြေအောက်ရေနုတ်မြောင်းများ ပြုလုပ်နေမှုတို့ကို လိုက်လံရှင်းလင်းပြသကြရာ မြို့တော်ဝန်က လိုအပ်သည်များကို မှာကြားပြီး ရေနုတ်မြောင်းများနှင့် ရေစီးရေလာအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။

မှာကြား

ထို့နောက် မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် သဃ်န်းကျွန်းမြို့နယ် သုဝဏ္ဏ(၂၃)ရပ်ကွက်ရှိ အင်ကြင်းမြိုင်လမ်းသို့သွားရောက်ပြီး သုဝဏ္ဏ(၂၃)ရပ်ကွက်ရှိ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အင်ကြင်းမြိုင်လမ်းဝဲ/ယာ၌ လမ်းဖြတ်မြေအောက် ရေနုတ်မြောင်းများ ပြုလုပ်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က လိုအပ်သည်များကို မှာကြားသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့်တာဝန်ရှိသူများသည် သံသုမာလမ်း ရေရှည်တည်တံ့ ကောင်းမွန်စေရေးနှင့် ယာဉ်သွားလာမှု လွယ်ကူချောမွေ့စေရေးတို့အတွက် သံသုမာလမ်းကို စက်ယန္တရားများဖြင့် အကြီးစားပြုပြင် ထိန်းသိမ်းနေမှု၊ မြောက်ဥက္ကလာပမြို့နယ် (င)ရပ်ကွက်၌ မိုးရာသီတွင် ငမိုးရိပ်ချောင်းမှ ရေလျှံမှုမရှိစေရေးအတွက် မြေသားတမံတည်ဆောက်နေမှု၊လုပ်ငန်းပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မြို့တော်ဝန်က စံချိန်စံညွှန်းပြည့်မီစွာ သွက်လက်မြန်ဆန်စွာဆောင်ရွက်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(၁၉)

ပျဉ်းမနားမြို့နယ် ကျည်ထောင်ကျေးရွာစာကြည့်တိုက်ဖြစ်မြောက်ရေးနှင့် စာပေဟောပြောပွဲကျင်းပ

နေပြည်တော် မေ ၂၉

ပျဉ်းမနားခရိုင် ပျဉ်းမနားမြို့နယ် ကျည်ထောင်ကျေးရွာအုပ်စု ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက် အဆောက်အအုံဖြစ်မြောက်ရေးနှင့် စာပေဟောပြောပွဲအခမ်းအနားကို မေ ၁၈ ရက်တွင် အဆိုပါကျေးရွာမွှာရုံ၌ ကျင်းပသည်။ အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန (ရုံးချုပ်) နေပြည်တော်မှ ညွှန်ကြားရေးမှူး ဦးသန်းထွန်းနှင့် ပျဉ်းမနားခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး ဦးစီးအရာရှိ ဦးခင်မောင်ထွန်းတို့က ကျည်ထောင်ကျေးရွာအုပ်စု စာကြည့်တိုက် ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အဆောက်အအုံ ဆောက်လုပ်ရေးကိစ္စကို ရှင်းလင်းဆွေးနွေးကြသည်။

ထို့နောက် စာပေဟောပြောပွဲကိုဆက်လက်ကျင်းပရာ ညွှန်ကြားရေးမှူးဦးသန်းထွန်းနှင့် ပျဉ်းမနားမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ အတွင်းရေးမှူး စာရေးဆရာ ကြည်အောင်(တေးသံရှင်ကြည်အောင်)တို့က စာအုပ်စာပေအကြောင်းကို ဟောပြောကြသည်။ ယင်းနောက် အရာရှိစွမ်းရည်မြှင့်သင်တန်း(၂/၂၀၀၇) သင်တန်းသားများအတွက် သင်တန်းအလှူငွေကျပ်၁၅၀၀၀၀ကို ပျဉ်းမနားမြို့ နန်းစိန်မုန့်တိုက်ပိုင်ရှင် ဦးသိန်းထွေးမိသားစုက ပေးအပ်လှူဒါန်းရာ သင်တန်းသားခေါင်းဆောင် ဒုတိယဦးစီးမှူး ဦးအောင်ကျော်မိုးက လက်ခံပြီး ဂုဏ်ပြုလက်မှတ်ကို ပြန်လည်ပေးအပ်ကြောင်းသိရှိရသည်။

(သတင်းစဉ်)

လွင်တီးခေါင်မြေ ဟက်တာငါးသန်းတွင် သစ်ပင်စိုက်ပျိုးရန် အင်ဒိုနီးရှား၌ စီစဉ်

ဂျကာတာ မေ ၂၈

အင်ဒိုနီးရှားအစိုးရသည် နိုင်ငံတစ်ဝန်းရှိ လွင်တီးခေါင်မြေ ဟက်တာငါးသန်းတွင် သစ်ပင်စိုက်ပျိုးရန် စီစဉ်လျက်ရှိကြောင်း သစ်တောရေးရာဝန်ကြီး အမ်အက်စ်ကာဘန်းက တနင်္ဂနွေနေ့တွင် ပြောကြားသည်။

နိုင်ငံအတွင်း၌ သစ်တောများ ပြန်လည်ထူထောင်မှု မြှင့်တင်ရာတွင် ပြည်သူများ ပါဝင်ကြရန်လိုအပ်ကြောင်း အနောက်ဂျာဗားပြည်နယ် စီအန်ဂျာကျေးရွာ၌ ကျင်းပသည့် စံပြသစ်တောပြန်လည်ထူထောင်ရေး အခမ်းအနားတွင် ဝန်ကြီး၏ ပြောကြားချက်ကို ကိုးကားလျက် အန်တာရာ သတင်းဌာနက ဖော်ပြသည်။

အဆိုပါ သစ်ပင်စိုက်ပျိုးရေးစီမံချက်ကို သစ်တောရေးရာ ဝန်ကြီးဌာန၊ အနောက်ဂျာဗားပြည်နယ် အုပ်ချုပ်ရေးအဖွဲ့၊ ဂူနောင်ဂီဒီအမျိုးသားဥယျာဉ်၊ ဘိုဂေါစိုက်ပျိုးရေးသိပ္ပံ၊ နိုင်ငံပိုင် ပါဟူတာနီ သစ်တောရေးရာ ကုမ္ပဏီနှင့် စီအန်ဂျာကျေးရွာမှ တောင်သူများက ပူးပေါင်းဆောင်ရွက်ကြမည်ဖြစ်ကြောင်း ဝန်ကြီးက ပြောကြားသည်။

သစ်တောရေးရာဝန်ကြီးဌာနသည် ယခုနှစ်အတွင်း လွင်တီးခေါင်မြေ ဟက်တာ ၃ဒသမ ၈သန်း၌ သစ်ပင်စိုက်ပျိုးပြီးဖြစ်ကြောင်းငင်းကဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ ဆင်ဟွာ။

ဗီယက်နမ်ရှိ ပြည်နယ်ကိုးခုတွင် ကြက်ငှက်တုပ်ကွေးကူးစက်

ဟန်နွိုင်း မေ ၂၈

ဗီယက်နမ်နိုင်ငံတွင် တစ်လမရှိသည့်ကာလအတွင်း ပြည်နယ်ကိုးပြည်နယ်တွင် ကြက်ငှက်တုပ်ကွေးဗိုင်းရပ်စ်ပိုး ကူးစက်ပျံ့နှံ့ခဲ့ကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာနက ပြောကြားသည်။

နိုင်ငံမြောက်ပိုင်း နင်ဘင်းပြည်နယ်သည် ကြက်ငှက်တုပ်ကွေးရောဂါကူးစက်ခံရသည့် နဝမမြောက်ပြည်နယ်ဖြစ်သည်။ ယင်းပြည်နယ်ရှိ ကြက်၊ ငှက်မွေးမြူရေးခြံတစ်ခြံရှိ ဘဲများ H_5N_1 ဗိုင်းရပ်စ်ပိုး ကူးစက်ခံနေရသည်ကို စမ်းသပ်တွေ့ရှိရကြောင်း စိုက်ပျိုးရေးဝန်ကြီးဌာန၏ တိရစ္ဆာန်ကျန်းမာရေးဌာနက မေ ၂၈ ရက်တွင် သတင်းထုတ်ပြန်သည်။

အဆိုပါခြံမှ ဘဲကောင်ရေ ၁၇၅၀ အနက် ၁၂၀၀ ကိုကြက်ငှက်တုပ်ကွေးရောဂါကာကွယ်ဆေး ထိုးနှံထားပြီးဖြစ်ကြောင်း ဖော်ပြထားသည်။

အမ်အင်အေ၊ ရိုက်တာ။

ရုရှားနိုင်ငံ မော်စကိုမြို့ ရင်ပြင်နီတွင် ပြပွဲခင်းကျင်းပြသနိုင်ရန်အတွက် ဆောက်လုပ်ရေး လုပ်သားများ ပြင်ဆင်နေကြသည်ကို မေ ၂၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

တရုတ်နိုင်ငံ ပေကျင်းမြို့၌တွင် တပ်ဖွဲ့ဝင်များ စစ်ကြောင်းပုံဖြင့် ချီတက်နေကြသည်ကို မေ ၂၉ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အဖမ်းခံ တောင်ကိုရီးယားသင်္ဘောနှစ်စင်းအတွက် ပြန်ပေးငွေပေးရန် ဓားပြများတောင်းဆို

နိုင်ရိုဘီ မေ ၂၈

ဆိုမာလီ ပင်လယ်ဓားပြများသည် ဆိုမာလီကမ်းလွန်၌ တောင်ကိုရီးယား ငါးဖမ်းသင်္ဘောနှစ်စင်းကို အပိုင်စီးလိုက်ပြီး ယင်းသင်္ဘောနှင့် သင်္ဘောပေါ်၌ ပါသွားသော သင်္ဘောသားများကို ပြန်လွှတ်ပေးရန်အတွက် အမေရိကန်ဒေါ်လာ ၇၀၀၀၀၀တောင်းဆိုခဲ့ကြောင်း ကင်ညာ ပင်လယ်ရေကြောင်းဆိုင်ရာအဖွဲ့က မေ ၂၆ရက်နေ့တွင် ပြောကြားသည်။

ပင်လယ်ဓားပြများသည် မေ ၁၅ရက်နေ့က ဆိုမာလီကမ်းလွန် ကီလိုမီတာ ၃၇၀ခန့်၌ တန်ဇန်းနီးယား အလံလွှင့်ထူထားသည့် သင်္ဘောများကို အပိုင်စီးခဲ့ပြီး ယင်းသင်္ဘောများကို ပြန်လွှတ်ရန်အတွက် တောင်းဆိုခဲ့သော ငွေကြေးပမာဏကို အလျှော့ပေးဖွယ်မရှိကြောင်း အရှေ့အာဖရိက သင်္ဘောသားအကူအညီပေးရေးအဖွဲ့၏ ညွှန်ကြားရေးမှူးအန်ဒရူးမဝမ်ဂူလာကပြောကြားသည်။

ပင်လယ်ဓားပြများသည် တန်ဇန်းနီးယားအလံ လွှင့်ထူထားသော တောင်ကိုရီးယား ငါးဖမ်းသင်္ဘောနှစ်စင်းကို ပြန်လွှတ်ရန်အတွက် အမေရိကန်ဒေါ်လာ ၇၀၀၀၀၀ တောင်းဆိုခဲ့သည်။ ယင်းသင်္ဘောများမှမိခင်သင်္ဘောတစ်စင်း မိုဂါဒစ်ရှူးဆိပ်ကမ်းမှရေမိုင် ၂၀၀ ခန့်တွင်ရှိကြောင်း မဝမ်ဂူလာက ဆင်ဟွာသတင်းဌာနသို့ မွန်ဘာဆာမှ တယ်လီဖုန်းဖြင့် ပြောကြားသည်။

မာဘူနို-၁နှင့် မာဘူနို-၂ သင်္ဘောနှစ်စင်းသည်ယခုလအစောပိုင်းကတည်းက ကင်ညာနိုင်ငံမှ ထွက်ခွာသွားပြီး ယီမင်နိုင်ငံသို့သွားသော လမ်း၌ အပိုင်စီးခံခဲ့ရသည်။ သင်္ဘောများပေါ်၌ သင်္ဘောသား ၂၄ဦး ပါရှိကြောင်း ငင်းက ပြောကြားသည်။

ယင်းသင်္ဘောများကို ပြန်လွှတ်ပေးရန်အတွက် စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်ခဲ့သည်။ ငင်းသင်္ဘောပေါ်၌ တရုတ်လူမျိုး ၁၀ဦး၊ ကိုရီးယားလူမျိုး လေးဦး၊ ဗီယက်နမ်လူမျိုး သုံးဦး၊ အင်ဒိုနီးရှားလူမျိုး လေးဦးနှင့် အိန္ဒိယလူမျိုး သုံးဦးတို့ပါရှိသွားကြောင်း မဝမ်ဂူလာက ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဆမ်မာရာမြို့အနီးတွင် လူ ၄၀ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် မေ ၂၈

အီရတ်နိုင်ငံ ဆလာဟူဒင်ပြည်နယ် ဆမ်မာရာမြို့အနီးရှိ အထင်ကရ လမ်းမကြီးပေါ်တွင် စစ်ဆေးရေးဂိတ်အတုတစ်ခုကို သေနတ်သမားများက ဖွင့်လှစ်ပြီး လူ ၄၀ ကို ပြန်ပေးဆွဲခဲ့ကြောင်း ပြည်နယ်ရဲတပ်ဖွဲ့သတင်းရပ်ကွက်က ပြောကြားသည်။

အယ်လ်ခိုင်ဒါစစ်သွေးကြွများဟု ယူဆရသည့် သေနတ်သမားများက ဆမ်မာရာမြို့အနီး အထင်ကရ လမ်းမကြီးပေါ်တွင် စစ်ဆေးရေးဂိတ်အတုပြုလုပ်ခဲ့ပြီး လူ ၄၀ ကိုပြန်ပေးဆွဲခဲ့သည်ဟု ဆလာဟူဒင်ပြည်နယ်ရှိသတင်းရပ်ကွက်က ဆင်ဟွာသို့ ပြောကြားသည်။ အီရတ်လုံခြုံရေးတပ်ဖွဲ့ဝင်အဖြစ် လုပ်ကိုင်နေသည့် ဂျူဘာနှင့်ရှမ်မာအီရတ်မျိုးနွယ်စုများကို ရှာဖွေနေသည်ဟု အဆိုပါသတင်းရပ်ကွက်က ပြောကြားသည်။

ဆလာဟူဒင်ပြည်နယ်ရှိ ဆွန်နီလူမျိုးတို့သည် အီရတ်မျိုးနွယ်စုအချို့နှင့် ပူးပေါင်းကာ အီရတ်ရှိ အယ်လ်ခိုင်ဒါကွန်ရက်ကို တိုက်ခိုက်ရန် မဟာမိတ်ပြုလုပ်ခဲ့ပြီးသည့်နောက် သုံးရက်အကြာတွင် ဖော်ပြပါ ဖြစ်ရပ်ပေါ်ပေါက်လာခြင်းဖြစ်သည်။

အမ်အင်အေ၊ဆင်ဟွာ။

ထိုင်းတောင်ပိုင်းတွင် ဗုံးပေါက်ကွဲ လေးဦးသေဆုံး

ဗန်ကောက် မေ ၂၉

ထိုင်နိုင်ငံတောင်ပိုင်း လူစည်ကားရာဈေးအတွင်း မော်တော်ဆိုင်ကယ်တစ်စီးပေါ်၌ မေ ၂၈ရက်က ဗုံးပေါက်ကွဲရာ လေးဦးသေဆုံးသွားကြောင်း စစ်ဘက်သတင်းများအရ သိရသည်။

ထိုဗုံးပေါက်ကွဲမှုသည် တောင်ပိုင်းရှိသောင်းကျန်းသူများ၏ လက်ချက်ဖြစ်နိုင်သည်ဟုဆိုသည်။ ယင်းပေါက်ကွဲမှုကြောင့် လေးဦးအသက်ဆုံးရှုံးရပြီး ၂၃ဦးဒဏ်ရာရရှိသွားသည်။ ယင်းတို့အနက် ငါးဦး၏အခြေအနေမှာ ဆိုးရွားသည်ဟု ထိုင်းစစ်ဘက်ပြောရေးဆိုခွင့်ရှိသူ အက်ကရာတီ ပရောခန်က ပြောကြားသည်။ သေဆုံးသွားသူများအနက် နှစ်ဦးမှာကလေးများဖြစ်သည်။

ထိုင်းတောင်ပိုင်းတွင် ဖြစ်ပွားသည့် ဆူပူသောင်းကျန်းမှုများကြောင့် အသက်ဆုံးရှုံးရသူဦးရေသည် ၂၁၀၀ကျော် ရှိပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဗြိတိသျှလူမျိုးငါးဦး ဘဂ္ဂဒက်တွင် ပြန်ပေးဆွဲခံရ

ဘဂ္ဂဒက် မေ ၂၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်ရှိ ဘဏ္ဍာရေးဝန်ကြီးဌာနမှ ဗြိတိသျှလူမျိုးငါးဦးကို ပြန်ပေးဆွဲသွားကြောင်း ယနေ့ပေါ်ထွက်လာသည့်သတင်းများတွင် ဖော်ပြသည်။

ပြန်ပေးဆွဲခံရသူ ငါးဦးမှာ ဘဏ္ဍာရေးကျွမ်းကျင်သူ ပညာရှင်တစ်ဦးနှင့် ၎င်း၏ကိုယ်ရံတော်လေးဦးဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အစောပိုင်းသတင်းများတွင် ပြန်ပေးဆွဲခံရသူ ဘဏ္ဍာရေး ကျွမ်းကျင်သူ ပညာရှင်မှာ ဂျာမန်လူမျိုးဖြစ်သည်ဟု ဖော်ပြခဲ့သည်။

ရဲတပ်ဖွဲ့ဝတ်စုံဝတ်ဆင်ထားသူများက ရဲတပ်ဖွဲ့တံဆိပ်ပါကားများဖြင့် ရောက်ရှိလာပြီး ပြန်ပေးဆွဲသွားခြင်းဖြစ်ကြောင်း မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ အနောက်တိုင်းသားတစ်စု ပြန်ပေးဆွဲခံရသည်ဆိုသောသတင်းများကို မိမိတို့ကြားသိရပြီး အရေးယူဆောင်ရွက်လျက်ရှိကြောင်း ဗြိတိန်နိုင်ငံခြားရေးဌာနက ပြောကြားသည်။

အရေးပေါ်အစည်းအဝေးခေါ်ယူထားပြီး ပြန်ပေးဆွဲခံရမှုကို ကိုင်တွယ်ဆောင်ရွက်မည့် အဖွဲ့တစ်ဖွဲ့ကိုဖွဲ့စည်းမည်ဖြစ်ကြောင်း ဗြိတိန်နိုင်ငံခြားရေးဌာနကပြောကြားသည်။ ***အင်တာနက်။***

ဂျော်ဒန် စစ်ဘက်လေယာဉ်တစ်စင်း လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ လေဆိပ်သို့ ဆင်းသက်လာသည်ကို မေ ၂၈ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဘေရွတ်စစ်ဆေးရေးဂိတ်ကို ဖြတ်ရန်ကြိုးစားသည့်ကား သေနတ်ပစ်ခံရ

ဘေရွတ် မေ ၂၉

လက်ဘနွန်နိုင်ငံ ဘေရွတ်မြို့ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့အသွားလမ်းပေါ်ရှိ စစ်ဆေးရေးဂိတ်ကို ဖြတ်ကျော်မောင်းနှင်ပြေးရန် ကြိုးစားသောကားတစ်စီးကို လက်ဘနွန်တပ်ဖွဲ့က မေ ၂၈ရက်တွင် သေနတ်နှင့်ပစ်ခတ်သည့်အတွက် ယာဉ်ပေါ်တွင်လိုက်ပါလာသူနှစ်ဦး သေဆုံးသွားပြီး တစ်ဦးကို ဖမ်းဆီးလိုက်ကြောင်း စစ်ဘက်ပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။

လက်ဘနွန်တပ်ဖွဲ့များသည် သေနတ်ကိုလေထဲသို့ဖောက်၍ ယာဉ်ကိုရပ်တန့်ရန် သတိပေးခဲ့သော်လည်း ရပ်မပေးသဖြင့် ပစ်ခတ်ဖမ်းဆီးရခြင်းဖြစ်သည်ဟုဆိုသည်။ အဆိုပါကား အဘယ်ကြောင့် ရပ်မပေးသည်ကို ရှင်းလင်းစွာမသိရသေးကြောင်း သတင်းကဖော်ပြသည်။

အမ်အင်အေ၊ရိုက်တာ။

အီရတ်၌ မေလအတွင်း ကန်တပ်ဖွဲ့ဝင် ၁၁၂ဦးသေဆုံး စုစုပေါင်း သေဆုံးသူ ကန်တပ်ဖွဲ့ဝင် ၃၄၆၃ ဦးရှိ

ဘဂ္ဂဒက် မေ ၂၈

အီရတ်နိုင်ငံတွင် အမေရိကန်တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က တနင်္ဂနွေနေ့တွင် ပြောကြားသည်။ မေလသည် ယခုနှစ်အတွင်း အမေရိကန်တပ်ဖွဲ့ဝင်များ၏ အသေအပျောက်အများဆုံးလဖြစ်ခဲ့ကြောင်း ရိုက်တာသတင်းအရသိရှိရသည်။

မေလယခုအချိန်ထိ သေဆုံးခဲ့သည့် အမေရိကန်တပ်ဖွဲ့ဝင် စုစုပေါင်း ၁၁၂ဦးဖြစ်သည်။

အမေရိကန်စစ်ဘက်က ဖေဖော်ဝါရီလလယ်မှစ၍ ဘဂ္ဂဒက်မြို့ လုံခြုံရေးအတွက် စစ်သွေးကြွများအား တိုးတက် နှိမ်နင်းလျက်ရှိရာ အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူဦးရေ များပြားလာနိုင်သည်ဟု အမေရိကန်စစ်ဘက်က ကြိုတင် ပြောကြားထားခဲ့သည်။ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသည် အီရတ်နိုင်ငံ၏ ဘဂ္ဂဒက်မြို့တွင် လမ်းဘေးဗုံးဖောက်ခွဲခံရသဖြင့် သေဆုံးခဲ့ပြီး အခြားတစ်ဦးသည် ဒီယာလာပြည်နယ်တွင် ဗုံးဖောက်ခွဲခံရသဖြင့် သေဆုံးခဲ့ခြင်းဖြစ်သည်။

၂၀၀၃ခုနှစ်က အမေရိကန်ဦးဆောင်သည့် တပ်ဖွဲ့ဝင်များ အီရတ်ကိုကျူးကျော်ခဲ့ပြီးနောက် အီရတ်၌ သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၃၄၆၃ဦးရှိပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ဂါဇာတောင်ပိုင်းမှ ပါလက်စတိုင်းလူမျိုးများ ရာဖာနယ်စပ်ဂိတ်မှတစ်ဆင့် အီဂျစ်နိုင်ငံသို့ ဝင်ရောက်ရန် စောင့်ဆိုင်းနေကြသည်ကို မေ ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

ဆေးလိပ်သောက်မှု ပိတ်ပင်ရန် ဥရောပတိုက်သားအများစုလိုလား

ဘရပ်ဆဲယ် မေ ၂၈

ဥရောပတိုက်သားအများစုသည် အများပြည်သူစုဝေးရာနေရာများ၌ ဆေးလိပ်သောက်မှုကို လက်ခံလိုခြင်းမရှိကြောင်း လေ့လာချက်တစ်ရပ်တွင် ဖော်ပြထားသည်။

ရုံးဌာနများ၊ စားသောက်ဆိုင်များနှင့် လူအများစုဝေးရာနေရာများ၌ ဆေးလိပ်သောက်မှု ပိတ်ပင်ရန် ဥရောပသမဂ္ဂ(အီးယူ)နိုင်ငံများရှိ ပြည်သူ ၈၈ ရာခိုင်နှုန်းက လိုလားကြောင်း အီးယူ၏ စီမံခန့်ခွဲရေးအဖွဲ့အစည်းဖြစ်သော ဥရောပကော်မရှင်က ထုတ်ပြန်သည့် ကြေညာချက်တွင် ဖော်ပြသည်။

အများပြည်သူဆိုင်ရာနေရာများတွင် ၂၀၀၉ ခုနှစ်ထက် နောက်မကျဘဲ ဆေးလိပ်သောက်မှု ပိတ်ပင်သွားရန် ပြည်သူများက လိုလားကြကြောင်း အဆိုပါ လေ့လာချက်တွင် ဖော်ပြထားသည်။ အီးယူနိုင်ငံများတွင် လွန်ခဲ့သည့် ၁၂ လတာကာလအတွင်း သုံးဦးလျှင် တစ်ဦးမှာ ဆေးလိပ်ဖြတ်ခဲ့ကြောင်း၊ သို့ရာတွင် ဆေးလိပ်ဖြတ်သူဦးရေ၏ ၇၀ ရာခိုင်နှုန်းကျော်မှာ နှစ်လအတွင်းမှာပင် ဆေးလိပ်ပြန်လည်သောက်သုံးကြောင်း၊ စိတ်ဖိစီးမှုကြောင့် ဆေးလိပ်သောက်သည်ဟု အကြောင်းပြ ပြောဆိုကြကြောင်း ယင်းလေ့လာချက်တွင် ဖော်ပြထားသည်။ ***အင်တာနက်။***

ကြေးမုံ The Mirror

အာကာသနှင့် သဘာဝကပ်ဘေးဆိုင်ရာ ပဋိညာဉ်စာတမ်းတွင် တရုတ်နိုင်ငံ အဖွဲ့ဝင်အဖြစ် ပါဝင်လာ

ပေကျင်း မေ ၂၈

တရုတ်နိုင်ငံသည် အာကာသနှင့် သဘာဝကပ်ဘေးဆိုင်ရာ ပဋိညာဉ်စာတမ်းအဖွဲ့တွင် အဖွဲ့ဝင်နိုင်ငံ ဖြစ်လာကြောင်း မေ ၂၈ ရက် အင်တာနက်သတင်းတွင် ဖော်ပြသည်။

အာကာသနှင့် သဘာဝကပ်ဘေးဆိုင်ရာ ပဋိညာဉ် စာတမ်းအရ အဖွဲ့ဝင်နိုင်ငံများသည် သဘာဝကပ်ဘေးများ ကျရောက်ချိန်အတွင်း သက်ဆိုင်ရာနိုင်ငံများသို့ ဂြိုဟ်တုသတင်းအချက်အလက်များကို ထောက်ပံ့ပေးမည်ဖြစ်သည်။

အဆိုပါအဖွဲ့အစည်းတွင် အဖွဲ့ဝင်အဖြစ်ပါဝင်ကြောင်း တရုတ်အမျိုးသားအာကာသစီမံခန့်ခွဲရေးမှူး ဆန်းလီယွန်က လက်မှတ်ရေးထိုးခဲ့သည်။ ပြင်သစ်နိုင်ငံ ပါရီရှိ ဥရောပအာကာသအေဂျင်စီဌာနချုပ်တွင် ကျင်းပသော လက်မှတ်ရေးထိုးပွဲ အခမ်းအနားသို့ ယင်းအေဂျင်စီ ညွှန်ကြားရေးမှူးချုပ် ဂျင်းဂျက်ဒေါ်ဒိန်းနှင့် ပြင်သစ်အာကာသအေဂျင်စီဥက္ကဋ္ဌ ယန်းနစ်တို့တက်ရောက်ကြသည်။

အာကာသနှင့် သဘာဝကပ်ဘေးဆိုင်ရာ ပဋိညာဉ်စာတမ်းအဖွဲ့ကို ၁၉၉၉ ခုနှစ်တွင်ဥရောပနှင့် ပြင်သစ်အာကာသအေဂျင်စီများက ပူးတွဲထူထောင်ခဲ့သည်။ ကမ္ဘာပေါ်တွင် သဘာဝကပ်ဘေးကျရောက်တိုင်း ယင်းအဖွဲ့က သက်ဆိုင်ရာနိုင်ငံများသို့ သတင်းအချက်အလက်များ ထောက်ပံ့ပေးသည်။ ပြီးခဲ့သည့် မေ ၈ ရက်၌ ယူဂန်ဒါနိုင်ငံတွင် ရာစုနှစ်ထက်ဝက်ကာလအတွင်း အဆိုးရွားဆုံး ရေလွှမ်းမိုးမှုဖြစ်ပွားခဲ့ရာတွင် အဖွဲ့ဝင် နိုင်ငံများက ရေဘေးဒဏ်ခံ နေရာဒေသများနှင့် ပတ်သက်သော သတင်းအချက်အလက်များကို ဖော်ထုတ်ပေးနိုင်ရန် ဂြိုဟ်တုဓာတ်ပုံများ ထောက်ပံ့ပေးခဲ့ကြသည်။ ယူဂန်ဒါရေဘေးတွင် လူပေါင်း ၁၂၀၀၀ ကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့ရသည်။ ***အင်တာနက်။***

ဂျာမနီနိုင်ငံ ဖရန့်ဖတ်အမ်မိန်း ဘူတာရုံ၌ အမြန်ရထားတစ်စင်းကို မေ ၂၈ ရက်က တွေ့ရစဉ်။ *(ဓာတ်ပုံ-အင်တာနက်)*

အိန္ဒိယတွင် ကျားကောင်ရေ ကျဆင်းနိုင်

နယူးဒေလီ မေ ၂၈

အိန္ဒိယနိုင်ငံ၌ အနာဂတ်ကာလတွင် ကျားကောင်ရေ လျော့ပါးသွားနိုင်သည်ဟု တောရိုင်းတိရစ္ဆာန် ထိန်းသိမ်းရေး သမားများက သတိပေးလိုက်ကြောင်း ရိုက်တာသတင်းတွင် ဖော်ပြထားသည်။

နည်းပါး

ကျားကောင်ရေ စာရင်းအရ ကျားပေါက်ကောင်ရေသည် ထင်ထားသည်ထက် ပိုမိုနည်းပါးသည်။

အမ်အင်အေ၊ရိုက်တာ။

ကိုလံဘီယာနိုင်ငံ မက်ဒယ်လင်းမြို့ ဆန်တာဖီး တိရစ္ဆာန်ဥယျာဉ်၌ ချင်ပင်ဇီမျောက်နှစ်ကောင်ကို မေ ၂၈ ရက်က တွေ့ရစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်တွင် နှစ်ရက်ဆက်တိုက် ဗုံးများပေါက်ကွဲ

ဘဂ္ဂဒက် မေ ၂၉

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့ရှိနေရာနှစ်ခုတွင် ကားဗုံးတစ်လုံးနှင့် လမ်းဘေးထောင်ဗုံးတစ်လုံး မေ ၂၈ ရက်က ပေါက်ကွဲမှုဖြစ်ပွားသည့်အတွက် ငါးဦးသေဆုံးပြီး ၁၃ဦး ဒဏ်ရာရရှိသွားကြောင်း ပြည်ထဲရေးဌာနက ပြောကြားသည်။ ဘဂ္ဂဒက်အလယ်ပိုင်း ဆာဘီကူဆောအရပ်တွင် ညနေ ၄နာရီက ကားဗုံးပေါက်ကွဲရာ အနည်းဆုံး အရပ်သားတစ်ဦးသေဆုံးပြီး သုံးဦးဒဏ်ရာရရှိသွားသည်။ ဒုတိယဗုံးမှာ ပထမဗုံးပေါက်သည့်နေရာအနီးရှိ ဂါဒီယာ စားသောက်ဆိုင်တွင် ပေါက်ကွဲခဲ့ပြီး လေးဦးသေဆုံးကာ ၁၀ဦး ဒဏ်ရာရရှိသွားသည်။

ဘဂ္ဂဒက်မြို့လယ်ရှိ စီးပွားရေးလုပ်ငန်းများဖြင့်စည်ကားရာ တေယာရန်ရင်ပြင်အရပ်တွင် မေ ၂၉ရက်က ကားဗုံးပေါက်ကွဲခဲ့ရာ ၂၃ ဦးထက်မနည်းသေဆုံးပြီး ၅၀ ကျော် ဒဏ်ရာရရှိကြောင်း၊ ယင်းဗုံးပေါက်ကွဲအပြီး မကြာမီ ဘဂ္ဂဒက်ရှိ အေမီလ်အရပ်တွင် ကားဗုံးပေါက်ကွဲခဲ့ရာ ၁၅ ဦး သေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

ဒီယာလာပြည်နယ်တွင် ကန်တပ်ဖွဲ့ဝင်ရှစ်ဦးသေဆုံး

ဘဂ္ဂဒက် မေ ၂၉

အီရတ်နိုင်ငံ ဒီယာလာပြည်နယ်တွင် အမေရိကန်တပ်ဖွဲ့ဝင် ရှစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက် တာဝန်ရှိသူတစ်ဦးက ယနေ့ပြောကြားသည်။

ဘာကွေဘာမြို့နှင့် မွတ်ဒါဒီယာမြို့အကြားတွင် ကီအိုဝါအမျိုးအစား စစ်ရဟတ်ယာဉ် တစ်စင်းကို လက်နက်ငယ်များဖြင့် ပစ်ခတ်ခဲ့ရာ ရဟတ်ယာဉ်ပျက်ကျခဲ့ပြီး ရဟတ်ယာဉ်မှူးနှစ်ဦး သေဆုံးရကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ပျက်ကျသည့် ရဟတ်ယာဉ်ကို ရယူနိုင်ရန် လျှပ်တစ်ပြက် တုံ့ပြန်တိုက်ခိုက်ရေးတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များကိုစေလွှတ်ခဲ့ကြောင်း၊ယင်းတပ်ဖွဲ့မှ စစ်ယာဉ်တစ်စီး လမ်းဘေးဗုံးထိမှန်သဖြင့် အမေရိကန်တပ်ဖွဲ့ဝင် ငါးဦးသေဆုံးကြောင်း၊ အခြားစစ်ယာဉ်တစ်စီးမှာလည်း ဗုံးထိမှန်ခဲ့ရာ တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း တာဝန်ရှိသူက ပြောကြားသည်။ အီရတ်နိုင်ငံတွင် မေလအတွင်း အမေရိကန်တပ်ဖွဲ့ဝင် သေဆုံးသူဦးရေ ၁၁၂ဦးအထိ ရှိပြီဖြစ်သည်။ ***အင်တာနက်။***

*** ရှေ့ဖုံးမှ**

တပ်နယ် လက်ဖက်စိုက်ပျိုးရေးခြံ၌ ၂၀၀၆ ခုနှစ်အထိ ၁၁၈ ဒသမ ၂၉ဧက စိုက်ပျိုးခဲ့ပြီး ၂၀၀၇ ခုနှစ်တွင် မြေပြုပြင်ပြီး ၁၈ ဧကနှင့် အပင်ပေါင်း ၆၄၈၀၀ ပင်ကို ဆက်လက်စိုက်ပျိုးသွားမည်ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါးမြို့ရှိ အစိုးရနည်းပညာကောလိပ် စာသင်ဆောင်များနှင့် ဆရာ၊ဆရာမများ အဆောင် ဆောက်လုပ်မည့်နေရာသို့ ရောက်ရှိကြပြီး ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးငွန်ဆန်းအောင်က ဆောက်လုပ်မည့် အစီအစဉ်များကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါး-ဖလမ်းလမ်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်သမဝါယမဦးစီးဌာနနှင့် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းတို့၏ လက်ဖက်စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးကြပြီး ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း ပြည်နယ်မန်နေဂျာ ဦးအေးကိုကိုက ခရိုင်နှင့် မြို့နယ်အလိုက် လက်ဖက်စိုက်ပျိုးဆောင်ရွက်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။ ၂၀၀၆-၂၀၀၇ ခုနှစ်အထိ ဌာနဆိုင်ရာများအပါအဝင် ချင်းပြည်နယ်၏ လက်ဖက်စိုက်ပျိုးမှုအခြေအနေမှာ ဖလမ်းခရိုင်၌ ၉၄၀၃ဧက၊ မင်းတပ်ခရိုင်၌ ၅၅၄၉ ဧက စုစုပေါင်း ၁၄၉၅၂ဧက စိုက်ပျိုးပြီးဖြစ်ကြောင်း၊ ၂၀၀၇-၂၀၀၈ ခုနှစ်အတွင်း ဖလမ်းခရိုင်၌ ဧက ၂၁၀၀၊ မင်းတပ်ခရိုင်၌ ဧက ၉၀၀ တိုးချဲ့ စိုက်ပျိုးသွားနိုင်ရေးအတွက် လက်ဖက်မျိုးစေ့ ၈၂၃၄ တင်းနှင့် လက်ဖက်ပျိုးပင် ၈၆ ဒသမ ၄၉သိန်း ပျိုးထောင်ပြီးကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ပြည်နယ် ပြည်ထောင်စုကြံ့ခိုင်ရေး နှင့် ဖွံ့ဖြိုးရေးအသင်း လက်ဖက်စိုက်ခင်း၏ ဖြစ်ထွန်းအောင်မြင်နေမှုနှင့် လက်ဖက်ခူးနေမှုများကို သွားရောက်ကြည့်ရှု အားပေးကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါး-ဖလမ်းလမ်းရှိ ရမ်ထလို အခြေခံပညာအထက်တန်းကျောင်းခွဲ၏ လက်ဖက် လေးဧကရှိ အပင် ၉၉၀၀ စိုက်ခင်းသို့ ရောက်ရှိကြပြီး လက်ဖက်စိုက်ပျိုးဖြစ်ထွန်းမှု အခြေနေများကိုလည်းကောင်း၊ ကျောင်းဝင်းအတွင်း စိုက်ပျိုးထားသည့် လက်ဖက် စိုက်ခင်းများကိုလည်းကောင်း ကြည့်ရှုစစ်ဆေးကြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါး-ဖလမ်းလမ်းရှိ ချင်းပြည်နယ် ဖလမ်းခရိုင် လက်ဖက်အထူးဇုန်ဧက ၁၀၀၀ စိုက်ကွင်းရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း အဆင့်မြင့် စံပြစိုက်ခင်း ဖလမ်းမြို့နယ် ကလောင်ခြံ၏ ၅၆ဒသမ ၅၀ ဧက စိုက်ကွင်းသို့ ရောက်ရှိကြရာ ခြံတာဝန်ခံ ဦးထာကျုံးက လိုက်လံရှင်းလင်းပြသပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖလမ်းခရိုင် လက်ဖက်အထူးဇုန်ဧက ၁၀၀၀ စိုက်ကွင်း၌ ကျင်းပသည့် လက်ဖက်စုပေါင်း စိုက်ပျိုးပွဲသို့ တက်ရောက်ကြရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ဖက်ပျိုးပင်ကို စိုက်ပျိုးပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက လက်ဖက်ပျိုးပင်များကို စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ လက်ဖက်ပျိုးပင် စိုက်ပျိုးနေမှုများကို ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များက ကြည့်ရှု အားပေးကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဟားခါး-ကလေးလမ်းရှိ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တ ဥတ္တမသာရ၏ သာသနာရက္ခိတ ပရိယတ္တိစာသင်တိုက် ဖလမ်းမြို့နယ် လုံပီးတောရသို့ ရောက်ရှိကြပြီး ဆရာတော် ဘဒ္ဒန္တနန္ဒိယအား ဖူးမြော်ကြည်ညိုကြကာ လှူဖွယ် ပစ္စည်းများကို ဆက်ကပ်လှူဒါန်းကြသည်။

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖလမ်းမြို့ အဝင်ရှိ ဌာနဆိုင်ရာ လက်ဖက်စိုက်ခင်းသို့ ရောက်ရှိကြရာ ရှင်းလင်းဆောင်၌ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်မန်နေဂျာ ဦးခွာဟရန်းက ဌာနဆိုင်ရာ လက်ဖက်စိုက်ခင်းအတွင်း လက်ဖက်စိုက်ပျိုးဖြစ်ထွန်းမှု အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဖလမ်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးအုန်းမောင်စီက ဖြည့်စွက်ရှင်းလင်းပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် စိုက်ခင်းတာဝန်ခံများအား သတ်မှတ်လျာထား ချက်နှင့်အညီ ပြည့်မီအောင် စိုက်ပျိုးကြရေး၊ မြေလွတ်မြေလပ်များ ရှာဖွေ ဖော်ထုတ်စိုက်ပျိုးရေး၊ မျိုးစေ့များကို မိမိပြည်နယ်အတွင်းမှပင် စုဆောင်းရှာဖွေ ရေးတို့ကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ၃ ဒသမ ၁၀ဧကရှိ မြေစာရင်းဦးစီးဌာန၏ လက်ဖက်စိုက်ခင်းကိုလည်းကောင်း၊ ၃ဒသမ ၇၁ ဧကရှိ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ လက်ဖက်စိုက်ခင်းကိုလည်းကောင်း၊ လေးဧကရှိ ခရိုင်နှင့်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန၏ လက်ဖက်စိုက်ခင်းကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။

အဆိုပါ ဌာနဆိုင်ရာ လက်ဖက်စိုက်ခင်းများ၌ ၂၀၀၆-၂၀၀၇ ခုနှစ် လက်ဖက်စိုက်ပြီးဧကမှာ ၇၁ ဒသမ ၉၅ ဧကဖြစ်ပြီး ၂၀၀၇-၂၀၀၈ ခုနှစ် လျာထားဧကမှာ ၂၈ ဒသမ ၅ဧက ဖြစ်ရာ စုစုပေါင်း စိုက်ပြီးဧကမှာ ဧက ၁၀၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖလမ်းမြို့ နယ်မြေခံတပ်သို့ ရောက်ရှိကြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ဒေသခံ တိုင်းရင်းသားခေါင်းဆောင်များအား လက်ဆောင်ပစ္စည်းများကို ပေးအပ်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် ကလေးစက်မှုဇုန် ထုတ်ကုန်ပစ္စည်းပြခန်းတွင် ပြသထားသော ဂျစ်ကားများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဖလမ်းမြို့ နယ်မြေခံ တပ်ခန်းမ၌ တပ်နယ်မိသားစုများအား တွေ့ဆုံမှာကြားရာ ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တပ်မိသားစု၏ သက်သာချောင်ချိရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးတို့ဖြင့် ဆောင်ရွက်ရေး၊ ပြည်သူ့အကျိုးပြု လုပ်ငန်းများတွင် ဒေသခံပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းပါဝင်ရေး၊ ခြံစည်းရိုးကြက်ဆူပင်နှင့် နှစ်ရှည်သီးနှံများ စိုက်ပျိုးရေးနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းစဉ်ငါးရပ် အကောင်အထည်ဖော်မှုလုပ်ငန်းများတွင် ပြည်သူများနှင့်အတူ အင်တိုက်အားတိုက် ပါဝင်ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် တိုင်းမှူး ဗိုလ်ချုပ်သာအေးတို့က တပ်နယ်မိသားစုများအား ထောက်ပံ့ပစ္စည်းများကို ပေးအပ်ကြပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တပ်နယ် မိသားစု လက်ဖက်စိုက်ခင်းရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး နယ်မြေခံတပ်မှ ဗိုလ်မှူးကျော်ကျော်လင်းက နှစ်အလိုက် လက်ဖက်စိုက်ပျိုးမှုနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လက်ဖက်တိုးချဲ့စိုက်ပျိုးရန်နှင့် ခြံစည်းရိုးကြက်ဆူပင်ကိုလည်း လျာထားချက်ထက် ပိုမိုစိုက်ပျိုးရေး မှာကြားကာ စိုက်ခင်းများကို ကြည့်ရှုစစ်ဆေးသည်။ တပ်နယ်မိသားစုများ၏ လက်ဖက် စိုက်ပျိုးဧကမှာ ၂၁ ဒသမ ဧက ၅၀ ဖြစ်ပြီး အပင်ပေါင်း ၇၇၅၀၀ စိုက်ပျိုးပြီး ဖြစ်သည်။ ခြံစည်းရိုးကြက်ဆူပင် စိုက်ဧကမှာ ဧက ၂၅၀ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဖလမ်းမြို့ ခရိုင်ပြည်သူ့ဆေးရုံသို့ ရောက်ရှိကြပြီး ဆေးရုံလက်ဖက်စိုက်ခင်းကို ကြည့်ရှု စစ်ဆေးရာ ဆေးရုံအုပ် ဒေါက်တာဝင်းအောင်က လက်ဖက်စိုက်ပျိုးထားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖလမ်း-ကလေးလမ်းရှိ ခရိုင်/မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းစံပြ စိုက်ခင်းသို့ ရောက်ရှိကြပြီး ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်သည် ရှုရပ်မှ စိုက်ခင်းအတွင်း လက်ဖက်နှင့်အခြားသီးနှံများ ဖြစ်ထွန်းအောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများအား မှာကြားသည်။

လက်ဖက်စိုက်ခင်းတွင် လက်ဖက်ခုနစ်ဧက၊ လက်ဖက်ပင် ၁၂၇၀၅ ပင် စိုက်ပျိုးထားကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ဖလမ်း-ကလေးလမ်းရှိ ဗားရ်တံတားအနီး စိုက်ပျိုးထားသော ခြံစည်းရိုးကြက်ဆူပင် စိုက်ခင်းကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ခြံစည်းရိုးကြက်ဆူပင်များကို ကြက်ဆူစံပြရွာဖြစ်သော ဗားရ်ကျေးရွာက ၁၆ ဧကတွင် စိုက်ပျိုးထားခြင်းဖြစ်ပြီး မြို့နယ် ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းကလည်း ဗားရ်တံတားအနီး မြေကွက်လပ်တွင် ခြံစည်းရိုးကြက်ဆူပင် ၁၉ ဧကကို စိုက်ပျိုးထားကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် ဗားရ်တံတား ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်ရှုရပ်မှ ဗားရ်တံတားနှင့် ရေစီးရေလာအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးကြကာ ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်က တံတားကြီး ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် အလေးထား ဂရုပြု ဆောင်ရွက်ကြရန် တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ထင်းရှူး စခန်းသို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ ပြည်နယ်အင်ဂျင်နီယာမှူးကြီး ဦးငွန်ဆန်းအောင်က ကလေး-ဖလမ်း-ဟားခါးလမ်း မိုင်တိုင်(၈/၇)မှ (၁၂၄/၀)အထိ ၁၁၅မိုင်တစ်ဖာလုံ လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

အဆိုပါ လမ်းတိုးတက်ပြုလုပ်ခြင်းလုပ်ငန်း ၁၁၅ မိုင် တစ်ဖာလုံတွင် ကတ္တရာလမ်း ၉၈ မိုင် လေးဖာလုံနှင့် ကျောက်ခင်းလမ်း ၁၆ မိုင် ငါးဖာလုံ ဖြစ်ကြောင်း သိရှိရသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တီးတိန်မြို့နယ် ဒုမန်ကျေးရွာ နွားနောက်မွေးမြူရေးခြံသို့ ရောက်ရှိကြရာ တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူး ဒေါက်တာသန်းထိုက်က ဒုမန်ကျေးရွာ နွားနောက်မွေးမြူရေးခြံ၏ နွားနောက်မွေးမြူရေးဆိုင်ရာများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားကာ မွေးမြူထားမှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါ နွားနောက်မွေးမြူခြင်းလုပ်ငန်းကို တီးတိန်မြို့နယ်ရှိ ကျေးရွာ ၂၃ရွာမှ တောင်သူ ၄၀ တို့က နွားနောက် ၅၆၁ ကောင်ကို မွေးမြူထားကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တီးတိန်မြို့နယ် ဆွလိပ်ကျေးရွာစိုက်ကွင်း၌ကျင်းပသော လက်ဖက်စိုက်ပျိုးပွဲသို့ တက်ရောက်ကြပြီး ရှေးဦးစွာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် လက်ဖက်ပျိုးပင်များကို စိုက်ပျိုးပေးကြပြီး လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများ၏ လက်ဖက် ပျိုးပင်များစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ရွှေကောင်းစုံ မိသားစု စိုက်ပျိုးရေးခြံ ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး မြန်မာ့စိုက်ပျိုးရေး လုပ်ငန်း ခရိုင်မန်နေဂျာ ဦးဟတ်နွယ်က ရွှေကောင်းစုံ မိသားစု၏ လက်ဖက် စိုက်ပျိုးမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်နယ်မန်နေဂျာ ဦးအေးကိုကို က ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေကောင်းစုံမိသားစု စိုက်ပျိုးရေးခြံပိုင်ရှင် ဦးထွန်းလွင်က ၂၀၀၄ ခုနှစ်မှ ၂၀၀၆ ခုနှစ်အထိ လက်ဖက်စိုက်ဧက ၅၀ စိုက်ပျိုးပြီးကြောင်းနှင့် ယခုနှစ်တွင် ငါးဧက တိုးချဲ့စိုက်ပျိုးမည်ဖြစ်ကြောင်း၊ ပန်းသစ်တော်ငါးဧကနှင့် စတော်ဘယ်ရီ ၁၀ ဧကကိုလည်း စိုက်ပျိုးထားကြောင်းဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို မှာကြားပြီး လက်ဖက်ခင်းကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလေး-တီးတိန်-ဖလမ်း-ဟားခါးလမ်း၏ သိုင်းငင်းလမ်းဆုံသို့ ရောက်ရှိကြပြီး လမ်းပိုင်းဆိုင်ရာအခြေအနေများကို ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တီးတိန်မြို့နယ် သိုင်းငင်းကျေးရွာအနီးရှိ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း၊ လမ်းဖောက်လုပ်ရေး စီမံကိန်းအထူးအဖွဲ့(၁၁)၏ ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး အင်ဂျင်နီယာမှူး ဦးစောဝင်းနိုင်က သိုင်းငင်း-တီးတိန် မိုင်တိုင်(၀/၀)မှ(၂၅/၄)အထိ ၂၅မိုင် လေးဖာလုံ လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်းနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးက ဖြည့်စွက်ရှင်းလင်း၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

အဆိုပါ လမ်းတိုးတက်ပြုပြင်ခြင်းလုပ်ငန်း ၂၅မိုင် လေးဖာလုံတွင် ကတ္တရာလမ်း ငါးမိုင်တစ်ဖာလုံ၊ ကျောက်လမ်း ၁၈ မိုင် သုညဖာလုံနှင့် မြေလမ်း နှစ်မိုင် သုံးဖာလုံတို့ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တီးတိန်မြို့နယ် ထေးဇန်ကော်ဖီခြံသို့ ရောက်ရှိကြပြီး ခြံတာဝန်ခံ ဦးမြင့်လွင်ဦးက ကော်ဖီ ၃၅ဧက စိုက်ပျိုးခြင်းနှင့် စပ်လျဉ်း၍ ဆောင်ရွက်ထားမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်း မှာကြားသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့်အဖွဲ့ဝင်များသည် တီးတိန်မြို့နယ် ရော်ဘာငါးဧက စမ်းသပ်စိုက်ခင်း(ထေးဇန်) ရှင်းလင်းဆောင်သို့ ရောက်ရှိကြပြီး တီးတိန်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ဇော်မိုး က ရော်ဘာငါးဧက စမ်းသပ်စိုက်ပျိုးမှုအခြေအနေနှင့် လက်ဖက်ခြောက်ဧက စိုက်ပျိုးထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား **စာမျက်နှာ ၇ ကော်လံ ၁ သို့** ❐

❒ စာမျက်နှာ ၆ မှ

လိုအပ်သည်များကို မှာကြားပြီး ရော်ဘာစမ်းသပ်စိုက်ခင်းနှင့် လက်ဖက်စိုက်ခင်းတို့ကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် တီးတိန်နှင့် ကလေးမြို့နယ်စပ်သို့ ရောက်ရှိကြပြီး ဆက်လက်ထွက်ခွာလာရာ ရှစ်မိုင် သစ်တောဦးစီးဌာန သစ်တောပျိုးဥယျာဉ်သို့ ရောက်ရှိကြပြီး ရှင်းလင်းဆောင်၌ သစ်တောဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ချိန်က ကြက်ဆူပင်နှင့် အခြားအဖိုးတန်သစ်ပျိုးပင်များ ပျိုးထောင်ထားမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။

အဆိုပါ ပျိုးဥယျာဉ်တွင် ၁၆ ဧက ပျိုးထောင်ထားပြီး အပင်အရေအတွက်မှာ ၇၀၀၀၀ ဖြစ်ကြောင်း သိရှိရသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလေးစက်မှုဇုန်သို့ ရောက်ရှိကြပြီး ကလေးစက်မှုဇုန် ထုတ်ကုန်ပစ္စည်းပြခန်းအတွင်း ပြသထားသော တံခါးနှစ်ပေါက်ဂျစ်၊ အောင်မြန်မာ စူပါဂျစ်၊ Small ဂျစ်၊ မော်တော်ယာဉ်ဆက်စပ်ပစ္စည်းများ၊ လယ်ယာသုံး စက်ကိရိယာပစ္စည်းများ၊ အထွေထွေသုံးကိရိယာများ၊ လူသုံးကုန်ဒန်ထည်ပစ္စည်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြရာ စက်မှုလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်သည် ကလေးမြို့ စက်မှုလုပ်ငန်းရှင်များနှင့် တွေ့ဆုံရာ ရှေးဦးစွာ ကလေးခရိုင် စက်မှုဇုန်ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ ကလေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင်ကြည်က ကလေးစက်မှုဇုန်၏ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကလေးစက်မှုဇုန်လုပ်ငန်းရှင်များက ဆက်သွယ်ရေးဆိုင်ရာလုပ်ငန်းများ၊ စပါးခွံသုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရေးလုပ်ငန်းစဉ်များ၊ လျှပ်စစ်ဓာတ်အားပေးနေမှု အခြေအနေနှင့် အသေးစားလျှပ်စစ်စက်များ ထုတ်လုပ်ရောင်းချနေမှုတို့ကို ရှင်းလင်းတင်ပြရာ တိုင်းမှူး ဗိုလ်ချုပ်သာအေးနှင့် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ကျော်ဦးလွင်တို့က ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးပြီး အမှာစကားပြောကြားရာတွင် စစ်ကိုင်းတိုင်း ကလေးမြို့၏ စက်မှုဇုန်လုပ်ငန်းများ ပိုမိုတိုးတက် အခြေခိုင်မာလာစေရေးအားပေးနိုင်ရန်နှင့် လိုအပ်ချက်များရှိပါကလည်း ဖြည့်ဆည်းပေးနိုင်ရန် လာရောက်ခြင်းဖြစ်ကြောင်း၊ ဒေသနှင့်ကိုက်ညီပြီး အရည်အသွေးကောင်းမွန်သည့် ဈေးကွက်ဝင် ပစ္စည်းများ တိုးတက်ထုတ်လုပ်နိုင်သည်နှင့်အမျှ စက်မှုဇုန်လုပ်ငန်းများလည်း တိုးတက်အောင်မြင်ဖြစ်ထွန်းမှုများ ရရှိလာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသ၏ လိုအပ်ချက်နှင့်ကိုက်ညီသည့် လယ်ယာသုံးစက်ကိရိယာများ၊ ရေအားလျှပ်စစ်ဓာတ်အားပေးစက် အသေးစားများ၊ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်များ၊ ဒေသအတွင်း လက်ဖက်စိုက်ပျိုးမှုနှင့် ဆက်စပ်ပြီး လက်ဖက်ခြောက် စက်ရုံတည်ဆောက်ရေးသုံး စက်ပစ္စည်းများကို အရည်အသွေးအဆင့်အတန်း မြင့်မားကောင်းမွန်စွာ တိုးတက်ထုတ်လုပ်နိုင်အောင် အတတ်ပညာရှင်များနှင့် ပုဂ္ဂလိကလုပ်ငန်းရှင်များက တီထွင်ကြံဆ ပူးပေါင်းဆောင်ရွက်သွားကြရန် မှာကြားလိုကြောင်း၊ ထို့ပြင် စက်မှုဇုန်အတွင်းနှင့် နေအိမ်ပတ်ဝန်းကျင်မြေကွက်လပ်များ၌ ခြံစည်းရိုးကြက်ဆူပင်ကို တိုးချဲ့စိုက်ပျိုး ကြစေလိုကြောင်း မှာကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလေးစက်မှုဇုန်အတွင်းရှိ စပါးခွံဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံသို့ ရောက်ရှိကြပြီး လျှပ်စစ်ဓာတ်အား ထုတ်လုပ်ပေးနေမှုများကို ကြည့်ရှုစစ်ဆေးရာ လုပ်ငန်းရှင် ဦးတင်ရွှေက လျှပ်စစ်ဓာတ်အား ဖြန့်ဝေပေးမှုအခြေအနေများကို ရှင်းလင်းတင်ပြပြီး ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က လိုအပ်သည်များကို ဖြည့်ဆည်းမှာကြားသည်။

အဆိုပါ ဓာတ်အားပေးစက်ရုံမှာ ကလေးစက်မှုဇုန်နှင့် ပတ်ဝန်းကျင်ကျေးရွာလေးရွာ၊ အိမ်ခြေ ၄၅၀ သို့ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးပေးလျက်ရှိကြောင်း သိရှိရသည်။ ၎င်းစက်ရုံမှာ တစ်နာရီကီလိုဝပ် ၃၀၀ KVA ထွက်ရှိပြီး လောင်စာအဖြစ် တစ်နာရီလျှင် စပါးခွံရှစ်တင်းမှ ၁၂တင်း၊ ဒီဇယ်ဆီသုံးပုလင်းမှ ငါးပုလင်းသာ အသုံးပြုကုန်ကျကြောင်း သိရှိရသည်။ ၎င်းဓာတ်အားပေးစက်မှာ ကလေးစက်မှုဇုန်မှ ထုတ်လုပ်ခြင်းဖြစ်သည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်နှင့် အဖွဲ့ဝင်များသည် ကလေးမြို့နယ်မြေခံတပ်သို့ ရောက်ရှိကြသည်။ (သတင်းစဉ်)

ဟသ်ာတရွှေကျောင်း ပရိယတ္တိစာသင်တိုက်၌ ဂုဏဝိသိဋ္ဌပူဇာသဘင် ကျင်းပမည်

ရန်ကုန် မေ ၂၉

နိုင်ငံတော်က ကြီးမှူးကျင်းပခဲ့သည့် (၅၉)ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲတွင် ဝိနယဓရ ဝိနယကောဝိဒ ဒီဃဘာဏက ဒီဃနိကာယကောဝိဒ အောင်မြင်တော်မူသော ရေဝတီတိုင်း ဟသ်ာတမြို့ ဥယျာဉ်ကြီးရပ် ရွှေကျောင်းပရိယတ္တိစာသင်တိုက်မှ အရှင်သုခိန္ဒြိယအား ဂုဏဝိသိဋ္ဌပူဇာသဘင်ကို (၁၃၆၉ခုနှစ် နယုန်လပြည့်ကျော် ၄ရက်) ဇွန် ၃ရက် (တနင်္ဂနွေနေ့)တွင် ယင်းကျောင်းတိုက်၌ ဆင်ယင်ကျင်းပမည်ဖြစ်ရာ ပူဇာသဘင်ကျင်းပရေးကော်မတီမှ ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား လာရောက်၍ အတူတကွ ပူဇော်ကြရန်နှင့် ဆက်သွယ်လှူဒါန်းလိုသူများသည် ဖုန်း–၀၄၄–၂၂၀၆၉ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (က–ပ)

သွားဘက်ဆိုင်ရာ ပါရဂူ ဒေါက်တာဒေါ်လှဒါနီချိန် အခြေခံ သွားနှင့်ခံတွင်းအကြောင်း သိကောင်းစရာခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာလုပ်ငန်းအဖွဲ့ အသိပညာပေး ဟောပြောပွဲကျင်းပ

ရန်ကုန် မေ ၂၉

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့က ကြီးမှူးကျင်းပသော အသိပညာပေး ဟောပြောပွဲကို ယမန်နေ့ မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ် (၅၁)ရပ်ကွက် မြဝတီမင်းကြီးလမ်းရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ပညာရေးနှင့် လေ့ကျင့်ရေးဦးစီးဌာန ဗဟိုလေ့ကျင့်ရေးကျောင်း၌ ကျင်းပရာ မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ်မှ တာဝန်ရှိသူများ၊ ဗဟိုလေ့ကျင့်ရေးကျောင်း၌ ဖွင့်လှစ်လျက်ရှိသည့် အဆင့်မြင့် အိမ်တွင်းမှုနှင့် အိမ်တွင်းမှုလက်မှုလုပ်ငန်း (ကြိမ်/ဝါး)သင်တန်းတို့မှ သင်တန်းသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် တိုင်းရင်းသားရေးရာ လုပ်ငန်းအဖွဲ့–အဖွဲ့ခေါင်းဆောင် ဒေါ်ကျင်ခိုင်က "မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် အကြောင်း သိကောင်းစရာများ" ကို မိတ်ဆက်ဟောပြောသည်။

ဆက်လက်၍ ပါမောက္ခ ဒေါက်တာဒေါ်မေဝင်းအောင်ခင်က "ခုခံအားကျဆင်းမှု ကူးစက်ရောဂါအကြောင်း သိကောင်းစရာ"နှင့် သွားဘက်ဆိုင်ရာ ပါရဂူ ဒေါက်တာ ဒေါ်လှဒါနီချိန်က အခြေခံ သွားနှင့်ခံတွင်းအကြောင်း သိကောင်းစရာတို့ကို ဟောပြောကြသည်။

ဟောပြောပွဲအပြီးတွင် သွားဘက်ဆိုင်ရာပါရဂူ ဒေါက်တာဒေါ်လှဒါနီချိန် မိသားစုက အခမ်းအနားသို့ တက်ရောက်လာကြသော တိုင်းရင်းသူ၊ သင်တန်းသားများအား သွားတိုက်ဆေးနှင့် သွားပွတ်တံများ ပေးအပ်လှူဒါန်းကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဒလမြို့နယ် မြို့မ (၄)ရပ်ကွက်ရှိ အထက(၁) ကျောင်းတွင် ပညာရေးဝန်ကြီးဌာန အမှတ်(၃) အခြေခံပညာဦးစီးဌာန မြို့နယ်လုံးကျွတ်ကျောင်းအပ်နှံရေး အခမ်းအနားကျင်းပရာ မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြို့နယ် ပညာရေးကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ဝင်းက မြို့နယ်ပညာရေးမှူး ဦးသန်းလှိုင်ထံ အလှူငွေကျပ် ၂၃၀၀၀၀ နှင့် ပစ္စည်းတန်ဖိုးငွေ ကျပ် ၁၄၇၆၀၀ စုစုပေါင်း ငွေကျပ် ၃၇၇၆၀၀ ကို ပေးအပ်စဉ်။ (က–ပ)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၃၀–၅–၂၀၀၇ (ဗုဒ္ဓဟူးနေ့)

- ၇း၀၀ MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
- ၇း၀၅ ကြီးကျယ်မြင့်မြတ် မဟာသမယတရားတော် (သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရ)
- ၇း၅၅ ပုသိမ်မြို့ကျက်သရေဆောင် ရွှေမုဋ္ဌောစေတီတော်
- ၈း၀၅ တေးဂီတအစီအစဉ်
- ၈း၁၀ Midweek Sports News
- ၈း၂၅ တေးဂီတအစီအစဉ်
- ၈း၃၀ မြတ်ဗုဒ္ဓ၏ မဟာဗုဒ္ဓဝင်
- ၈း၅၀ တေးဂီတအစီအစဉ်
- ၈း၅၅ International Video Topics (သိပ္ပံနည်းကျ ကိုယ်ခံပညာများ)
- ၉း၂၅ ပြည်တွင်းသတင်းအကျဉ်း
- ၉း၃၅ တစ်ကျော့ပြန်တီဘီ (အပိုင်း–၂) (ဒေါက်တာဇေစိုး)
- ၉း၅၅ တေးဂီတအစီအစဉ်
- ၁၀း၀၀ မြန်မာပြည်ခရီးစဉ် [စစ်ကိုင်းတိုင်း မင်းကွန်းဒေသနှင့် မန္တလေးတိုင်း(အမရပူရမြို့) ခရီးစဉ်]
- ၁၀း၂၀ နိုင်ငံတကာသတင်းအကျဉ်း
- ၁၀း၂၅ ဒေသရောအစားအစာ ပုသိမ်ဟာလဝါ
- ၁၀း၃၅ တေးဂီတအစီအစဉ်
- ၁၀း၄၀ စက္ကူရွက်ဝေ ရှမ်းထီးသက်သေ
- ၁၀း၅၅ မိုးလေဝသခန့်မှန်းချက်
- ၁၁း၀၀ Yangon Panorama (99 Classic Art Exhibition)
- ၁၁း၁၅ တေးဂီတအစီအစဉ်
- ၁၁း၂၀ ပေမှုမှသည် ပုံနှိပ်မှုသို့
- ၁၁း၃၀ ပြည်တွင်းသတင်းအကျဉ်း
- ၁၁း၄၀ သစ်သီးဝလံပေါပြည့်ဝေဆာ ဥယျာဉ်ခြံမှာ(မင်းကွတ်)
- ၁၁း၅၀ တေးဂီတအစီအစဉ်
- ၁၁း၅၅ နိုင်ငံတကာသတင်းအကျဉ်း
- ၁၂း၀၀ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၁၂း၃၀ မနောရမ္မပညာဒါန
- ၁၂း၅၀ နောက်မကျရအောင် (မင်းသူ၊မိုးပြည့်ပြည့်မောင်)
- ၁း၀၀ MRTV-4 အပိတ် Logo

အထက်ပါ ၆ နာရီစာ အစီအစဉ်များကို နံနက် ၇ နာရီမှ မွန်းလွဲ ၁ နာရီအထိ တစ်ကြိမ်၊ မွန်းလွဲ ၁ နာရီမှ ည ၇ နာရီ အထိ တစ်ကြိမ်၊ ည ၇ နာရီမှ နံနက် ၁ နာရီအထိ တစ်ကြိမ်၊ နံနက် ၁ နာရီမှ နံနက် ၇ နာရီအထိ တစ်ကြိမ် လေးကြိမ်ဆက်တိုက် ၂၄ နာရီအချိန်ပြည့် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တာနာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၀၇ ခုနှစ် ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့

၂၀၀၇ ခုနှစ်၊ မေလ (၃၁) ရက်

World No-Tobacco Day 2007

31 May 2007

Smoke Free Environments

ဆေးလိပ်ငွေ့ကင်းစင်ရေး၊ ဝိုင်းဝန်းကူညီဆောင်ရွက်ပေး

ကျန်းမာရေးဝန်ကြီးဌာန

ရှာဆူအောင်လာမလုပ်နဲ့. . .တောထုတ်တဲ့ခလေ့

စာဖတ်သူတစ်ဦး

စာဖတ်သူမိတ်ဆွေများနှင့် စကားဝိုင်းဖွဲ့ပြီး တွေ့မြင်ကြားသိသမျှကို ပြန်လည်တင်ပြခဲ့သည့် **"အသွင်ပြောင်း ဒီပလိုမေစီ၏ ဇာတ်ကောင်များကို အထူးသတိပြု"**ဆောင်းပါးကို သတင်းစာတိုက်များသို့ ပေးပို့ခဲ့ရာ ၁၁-၅-၂၀၀၇ ရက်နေ့ထုတ် သတင်းစာများတွင် ပါရှိခဲ့ပါသည်။

အဆိုပါဆောင်းပါး နိဂုံးပိုင်းတွင် **"အမေရိကန်အစိုးရရဲ့ အသွင်ပြောင်းဒီပလိုမေစီ ကျင့်သုံးစေဆော်မှုကြောင့် ပြည်တွင်းမှာ ဖြစ်ပေါ်လာတဲ့ ဆန္ဒပြလှုံ့ဆော်မှုတွေ၊ ထိပ်တိုက်ရင်ဆိုင် ဆန့်ကျင်မှုတွေ၊ သွယ်ဝိုက်ရင်ဆိုင် ဆန့်ကျင်မှုတွေကတစ်ဆင့် ဆက်စပ်လှုပ်ရှားလာမယ့် ဆူပူအုံကြွ အကြမ်းဖက်မှုတွေကို ပြည်သူလူထုတစ်ရပ်လုံး အထူးသတိပြုကြဖို့၊ သက်ဆိုင်ရာနှင့်အတူ ပူးပေါင်းပါဝင်ပြီး ဆက်လက်ဆန့်ကျင်တားဆီးတိုက်ဖျက်သွားကြဖို့"**တိုက်တွန်းနှိုးဆော်ခဲ့ပါသည်။

၁၇-၅-၂၀၀၇ ရက်နေ့ထုတ် သတင်းစာများတွင် **"ဘာသာရေးကို ခုတုံးလုပ်ပြီး မတည်ငြိမ်မှုနှင့် ဆူပူလှုပ်ရှားမှုများဖြစ်လာအောင် သွေးထိုး လှုံ့ဆော်နေသူများကို အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများက ဝိုင်းဝန်းတားဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ အပ်နှံခဲ့"**ဟူသော ခေါင်းစဉ်ဖြင့် သတင်းတစ်ပုဒ်ကို ဖတ်လိုက်ရပါသည်။ သတင်းအကျဉ်းမှာ ၂၀၀၇ခုနှစ် မေ ၁၅ရက် နံနက် ၁၀နာရီခွဲတွင် ရန်ကုန်တိုင်း အင်းစိန်မြို့နယ် ဘူတာရုံလမ်း ကားဂိတ်၌ ဘာသာရေးကို အကြောင်းပြုပြီး ဆူပူလှုပ်ရှားမှုများဖြစ်အောင် အစဉ်တစိုက် လုပ်ဆောင်နေသည့် NLD ပါတီဝင် စုစုနွေးပါ ၂၉ ဦးအဖွဲ့ စုဝေးရောက်ရှိလာစဉ် ဆူပူမှုကိုမလိုလားသော အေးချမ်းစွာနေထိုင်လိုသည့် ပြည်သူများက ဝိုင်းဝန်း တားဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ အပ်နှံခဲ့ကြောင်း၊ အလားတူပင် လှိုင်သာယာမြို့နယ်အတွင်း ဆူပူလှုပ်ရှားမှုများဖြစ်ပေါ်အောင် သွေးထိုးလှုံ့ဆော်ခဲ့သည့် သန့်ဇင်မျိုးနှင့်အဖွဲ့ကိုလည်း ဆူပူမှုကိုမလိုလားသော ပြည်သူများက ဝိုင်းဝန်းထိန်းသိမ်းပြီး သက်ဆိုင်ရာသို့ အပ်နှံခဲ့ကြောင်း သတင်းကို ဖတ်ရှုလိုက်ရပါသည်။

ထိုသတင်းကို ဖတ်ရှုရပြီးနောက် စာဖတ်သူမိတ်ဆွေများနှင့် နေ့စဉ်လိုလို ဆုံတွေ့ခဲ့သော်လည်း အကျယ်တဝင့် ဆွေးနွေးမှု မပြုဖြစ်ခဲ့ပါ။ အဘယ့်ကြောင့်ဆိုသော် ထိုသတင်းနှင့်ဆက်စပ်၍ နောက်ဆက်တွဲ လှုံ့ဆော်လာမည့် ပြည်တွင်း ပြည်ပအဖျက်သမားများနှင့် လက်ဝေခံ ပြည်ပမီဒီယာများ၏ တိုက်ကွက်ကို ကြိုမြင်နေကြ၍ ဖြစ်ပါသည်။ မကြာမီရက်ပိုင်းက စာဖတ်သူမိတ်ဆွေများ ပြန်ဆုံကြရာတွင် သတင်းအချက်အလက်များ စုံလင်စွာရရှိခဲ့၍ အောက်ပါအတိုင်း စကားဝိုင်းဖွဲ့ဖြစ်ကြပါသည်-

"စာဖတ်သူကြီးရေ၊ ကျွန်တော်တို့ ကြိုတင်တွက်ဆထားတဲ့အတိုင်း ကွက်တိပဲ။ ပြည်တွင်း ပြည်ပအဖျက်သမားတွေနဲ့ ပြည်ပမီဒီယာတွေ အတိုင်အဖောက်လုပ်ပြီး ကြေညာချက်တွေ ပလူပျံအောင် ထွက်လာပါကလား ဗျ"

"ဒီယုန်မြင်လို့ ဒီချုံထွင်ထားတဲ့ ဇာတ်ညွှန်းပဲဗျာ။ ကြိုတင်အကွက်ချစီမံထားတဲ့ ဇာတ်ညွှန်းအတိုင်း အသွင်ပြောင်းဒီပလိုမေစီရဲ့ ဇာတ်ကောင်တွေက ဇာတ်ဆရာကြီး နှုတ်တိုက်ချပေးတဲ့အတိုင်း ပြောကြားလာရတာပေါ့"

"ဟုတ်တယ်ဗျို့၊ ၁၇ ရက်နေ့ည VOA က ထုတ်လွှင့်သွားတဲ့ သတင်းမှာ NLD နဲ့ ၈၈ မျိုးဆက်ကျောင်းသားတွေက ဒေါ်စုကြည် လွတ်မြောက်ရေးအတွက် ဝတ်ပြုဆုတောင်းသူတွေကို ပြည်သူအမည်ခံ လူတစ်စုက ဖမ်းဆီးနေတယ်လို့ကြေညာချက်ထုတ်ပြီး အခုလိုလုပ်ဆောင်နေတာတွေကို ရပ်တန်းကရပ်ဖို့ တောင်းဆိုထားတယ်ဆိုပါလား"

"၈၈ မျိုးဆက်ကျောင်းသားအုပ်စုက ကိုကိုကြီးဆိုသူကလဲ 'သာမန်ပြည်သူအနေနဲ့ အိပ်မက်တောင်မမက်ရဲတဲ့ ကိစ္စဖြစ်ကြောင်း၊ ဒီလိုမျိုးလုပ်ဖို့ဆိုတာဟာစနစ်တကျစီစဉ်ပြီးတော့ တချို့ဆိုရင်နေ့စား၊တစ်နေ့ကို ဘယ်လောက်နဲ့ခေါ်လာတာမျိုးတွေကအစဖြစ်နေကြောင်း၊ ဘယ်လိုမှ သာမန်ပြည်သူအနေနဲ့ မလုပ်နိုင်တဲ့အခြေအနေမျိုးဖြစ်ကြောင်း' VOA နဲ့ အတိုင်အဖောက်လုပ်ပြီး ပြည်သူလူထုရဲ့ အခန်းကဏ္ဍကို မှေးမှိန်သေးသိမ်အောင် ပြောသွားတာ ကြားလိုက်ရတယ်ဗျာ"

"NLD ရဲ့ ကြေညာချက်(၄/၀၅/၀၇)မှာလဲ 'အဖွဲ့ချုပ်အဖွဲ့ဝင်များကို အာဏာပိုင်တို့က ကျောထောက်နောက်ခံပြုထားသော ပြည်သူ့စွမ်းအားရှင်ဟူသောအဖွဲ့က ဖမ်းဆီးခေါ်ဆောင်သွားကြပါသည်၊ ပြည်သူ့စွမ်းအားရှင်ဟူသောအဖွဲ့မှာ ပြည်သူထဲမှ အနည်းငယ်ကို အာဏာပိုင်တို့အလိုကျ ခိုင်းစေခြင်း ခံရသူများဖြစ်ပါသည်'လို့ ပြည်သူလူထုကို သွေးခွဲသပ်လျှိုထားတာကိုလဲ တွေ့လိုက်ရတယ်"

"ဒါဟာ နယ်ချဲ့ဆန့်ကျင်ရေးနဲ့ အမျိုးသားလွတ်မြောက်ရေး သမိုင်းအစဉ်အလာကြီးမားတဲ့ ပြည်သူလူထုကို မတော်မတရား စော်ကားလိုက်တာပဲ"

"ဒါတင်မကဘူး၊ လွတ်လပ်ရေးရရှိချိန်ကစပြီး နိုင်ငံတော်ကာကွယ်ရေးနဲ့ လုံခြုံရေးတာဝန်ကို ဝိုင်းဝန်းထမ်းဆောင်ခဲ့တဲ့ ပြည်သူ့သားကောင်းတွေကို မထီလေးစား ပမာမခန့်ပြုရာလဲ ရောက်နေသဗျ"

"မှန်တယ်ဗျို့၊ကိုလိုနီနယ်ချဲ့တွေ အောက်မြန်မာပြည်ကို ကျူးကျော်သိမ်းပိုက်ခဲ့ချိန်ကစပြီး တိုင်းတစ်ပါးကျွန်အဖြစ် နှံ့နစ်မခံလိုကြတဲ့ မျိုးချစ်ပြည်သူတွေဟာ နယ်မြေဒေသအလိုက် စုပေါင်းပြီး ရရာလက်နက်နဲ့ ကိုလိုနီနယ်ချဲ့တွေကို တွန်းလှန်တိုက်ထုတ်ခဲ့ကြတယ်။ အဲဒီသမိုင်းကြောင်းကို ဒီမောင်တွေ ဥပေက္ခာပြုနေတာလား၊ မြန်မာ့နိုင်ငံရေးကို မကျေညက်တာလား၊ တစ်ခုခုတော့ မှားနေပြီထင်တယ်"

"နယ်ချဲ့ဗြိတိသျှတွေကို မြစ်ဝကျွန်းပေါ်ဒေသက ရှုပ်ရှုပ်ချွံချွံတွန်းလှန်တိုက်ထုတ်ခဲ့တဲ့ မျိုးချစ်ခေါင်းဆောင် ဗိုလ်မြတ်ထွန်းသာ သက်ရှိထင်ရှားရှိနေမယ်ဆိုရင် ပြည်သူ့စွမ်းအားကို မထီလေးစား ပြုရကောင်းလားဆိုပြီး အဲဒီမောင်တွေကို နုပ်နုပ်စဉ်းပစ်မှာ မြင်ယောင်မိတယ်ဗျာ"

> **သေချာတာပေါ့၊ ပြည်ပြေး NLD တွေနဲ့ ဗကပယူဂျီ လက်ကျန်တွေ ပူးပေါင်းလုပ်ကြံရေးဆွဲပေးထားတဲ့ လူထု တိုက်ပွဲစီမံချက်ဆိုရင်လဲ NLD က လေယူရာတိမ်း ယိမ်းနွဲ့ပြီး လက်ခံ ကျင့်သုံးလိုက်တာပဲ။ ကိုလိုနီနယ်ချဲ့လက်သစ် လုပ်ကြံ အကွက်ချထားတဲ့ အသွင်ပြောင်း ဒီမိုကရေစီဇာတ်ညွှန်း မှာလဲ ဇာတ်ကောင်တွေအဖြစ် ပါဝင်ကပြ အသုံးတော် ခံနေကြတာပဲ။**

"ဟုတ်တယ်ဗျို့၊ တိုင်းရင်းသားပြည်သူတွေကို စုစည်းခေါင်းဆောင်ပြီး နယ်ချဲ့ရဲ့ ကျူးကျော်စော်ကားမှုကို ဒူးမထောက်လက်မမြှောက်ဘဲ အမျိုးသားလွတ်မြောက်ရေး တိုက်ပွဲဝင်ခဲ့တဲ့ ဗိုလ်မြတ်ထွန်းဟာ အမေကျော် ဒွေးဘော်လွမ်းတဲ့ စကားပြောကြားမိတဲ့ သူ့သားအရင်းမောင်ပျပ်ကြီးကို အမျိုးသားသစ္စာဖောက်တို့ရဲ့ ဇာတ်သိမ်းခန်းအဖြစ် ကိုယ်တိုင်စီရင်ခဲ့တယ်ဆိုတာ ဒီမောင်တွေ ကြားဖူးနားဝရှိရင် ဖျားသွားမှာသေချာတယ်"

"၁၈၈၅ ခုနှစ်မှာ နယ်ချဲ့ဗြိတိသျှတွေက မောင်ပျပ်ကြီးတို့လို ပြည်ပအားကိုး ပုဆိန်ရိုးတွေရဲ့ သခင်အားရ ကျွန်ပါးဝလုပ်ရပ်တွေကို ခုတုံးလုပ်အသုံးချပြီး မြန်မာတစ်နိုင်ငံလုံးကို ကျူးကျော်သိမ်းပိုက်ခဲ့တယ်။ အဲဒီအချိန်မှာ သမိုင်းအစဉ်အဆက် အေးအတူပူအမျှ နေထိုင်လာခဲ့ကြတဲ့ တိုင်းရင်းသား ပြည်သူတွေဟာ ဘယ်သူ့ရဲ့ တိုက်တွန်းနှိုးဆော်မှုမှမပါဘဲ မျိုးချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ် နိုးကြား တက်ကြွစွာနဲ့ ကိုလိုနီနယ်ချဲ့တွေကို တောင်ပေါ်မြေပြန့် ဒေသအနှံ့ကနေ ခုခံတွန်းလှန်ခဲ့ကြတယ် မဟုတ်လား"

"အခုလဲ နယ်ချဲ့နောက်လိုက် ဒေါ်လာစားတွေ ပြည်ပဆရာကြီးအလိုကျ တိုင်းပြည်မတည်မငြိမ်ဖြစ်အောင် ဆူပူလှုံ့ဆော်လာတာကို အေးချမ်းသာယာမှုကိုလိုလားတဲ့ ပြည်သူလူထုက လက်ပိုက် ကြည့်မနေနိုင်ဘဲ ပင်ကိုအသိစိတ်ဓာတ်နဲ့ ဝိုင်းဝန်းဟန့်တားနေကြတာပဲ"

"ဒါဟာ အရေးကြီးရင် သွေးစည်းညီညွတ်ကြတဲ့၊ အရေးကြုံရင် သက်လုံကောင်းကြတဲ့ ပြည်သူလူထုရဲ့ ထာဝရစွမ်းပကားပဲဗျ"

"မြန်မာ့သမိုင်းစဉ်တစ်လျှောက်မှာ အချုပ်တန်းဆရာဖေ ရေးစပ်တဲ့ တေးထပ်ထဲကအတိုင်း နယ်ချဲ့လက်ဟောင်းလက်သစ်တွေကို 'ဦးချလို့ ပလူးကြ ပြေးကြို့အခါခါ၊ ခွေးသို့ပမာ'ဆိုတဲ့ အမျိုးသား သစ္စာဖောက်တချို့ ရှိနေသလို နယ်ချဲ့လက်ဟောင်းလက်သစ်တွေကို 'သူ့နိုင်ငံသား၊ သံမှုန့်စားမှ၊ ဒို့ဓားတုံးမည်၊ မှတ်တော်တည်လော့'ဆိုပြီး ဒူးမထောက်လက်မမြှောက် ဦးမညွှတ်တဲ့ မျိုးချစ်ပြည်သူ အမြောက်အမြား ရှိနေပါကလားဆိုတာ အဲဒီမောင်တွေ မှတ်လောက်သားလောက် ဖြစ်ဖို့ကောင်းနေတာအမှန်ပဲ"

"ဟုတ်တယ်ဗျို့၊ ကိုလိုနီနယ်ချဲ့တွေရဲ့ သွေးခွဲအုပ်ချုပ်မှု၊ ပျားရည်နဲ့ဝမ်းချမှုတွေကြောင့် မြန်မာပြည်သူတွေရဲ့ အမျိုးသားနိုင်ငံရေးအသိနိုးကြားတက်ကြွမှုဟာ ကာလအခိုက်အတန့်တစ်ခုအားဖြင့် မီးခဲပြာဖုံးဖြစ်ကောင်းဖြစ်ခဲ့ပေမယ့် မျိုးချစ်စိတ်ဓာတ်ကတော့ တောက်မယ့်မီးခဲ အရှိန်နဲ့တရဲရဲဆိုသလို ထာဝရရှင်သန်နေတာပဲ မဟုတ်လား"

"ဒါကြောင့်မို့ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲ နောက်ဆုံးအဆင့်ကို ဆင်နွှဲချိန်မှာ ပြည်သူတစ်ရပ်လုံးဟာ တပ်မတော်သားတွေနဲ့အတူ ရှေ့တန်းကျကျ ပါဝင်ဆင်နွှဲခဲ့ကြတယ်လေ"

"လွတ်လပ်ရေး ပြန်လည်ရရှိပြီး နောက်ပိုင်းမှာလဲ **'နိုင်ငံတော်ကာကွယ်ရေးတာဝန်သည် နိုင်ငံသားတိုင်း၏ မွေးရာပါတာဝန် ဖြစ်သည်'**လို့ ခံယူခဲ့ကြတယ်။ CIA ရဲ့ ကြိုးကိုင်မှုနဲ့ မြန်မာနိုင်ငံကို ဝင်ရောက်ကျူးကျော်လာတဲ့ ကူမင်တန်တပ်တွေကို တွန်းလှန်တိုက်ထုတ်ရာမှာ တပ်မတော်နဲ့အတူ လက်တွဲပူးပေါင်း ဆင်နွှဲခဲ့တာလဲ သမိုင်းစဉ်မှာ အထင်အရှားပါပဲ"

"အဲဒီလို တိုင်းတစ်ပါးရဲ့ ကျူးကျော်စော်ကားမှုကို လုံးဝအထိပါးမခံတဲ့ မြန်မာပြည်သူတွေကို ဗမာပြည်ကွန်မြူနစ်ပါတီ(ဗကပ)က ဂိုဏ်းဂဏစွဲ၊ ဝါဒစွဲတွေနဲ့ သွေးခွဲပြီး ပြည်တွင်းသောင်းကျန်းမှု ပဋိပက္ခအတွင်းကို ဆွဲသွင်းခဲ့သေးတယ် မဟုတ်လား"

"ဟုတ်တယ်လေ၊ ဒီနေ့ NLD နဲ့ အပေါင်းပါတွေ၊ ၈၈ မျိုးဆက်ကျောင်းသားဆိုသူတွေ လုပ်နေသလိုပဲ ဗကပတွေက တောင်းပွဲတိုက်ပွဲ၊ ဆန္ဒပြလှုံ့ဆော်ပွဲတွေနဲ့ သူတို့ပါတီ ဖြတ်လမ်းက အာဏာရရှိရေးအတွက် ပြည်သူလူထုကို ရက်ရက်စက်စက်စတေးဖို့ လုပ်ကြံခဲ့သေးတယ်။ ဒါပေမယ့် အမျိုးသားနိုင်ငံရေးနဲ့ ပါတီနိုင်ငံရေးကို ခွဲခြားသိမြင်ကြတဲ့ ပြည်သူတွေက ဗကပရဲ့ထောင်ချောက်အတွင်း မသက်ဆင်းဘဲ ပြည်သူ့စစ်ပွဲတွေကို အထင်ကရဆင်နွှဲခဲ့ကြတာ ခင်ဗျားတို့ မှတ်မိကြဦးမှာပေါ့"

"ဘယ်မမှတ်မိဘဲ ရှိပါ့မလဲ။ မြစ်ဝကျွန်းပေါ်က ရွှေလင်းယုန်၊ မိုးဟိန်း စစ်ဆင်ရေးကြီးတွေ၊ ပဲခူးရိုးမက အောင်စိုးမိုးစစ်ဆင်ရေး

ကြီးတွေနဲ့ ပြည်သူတွေကိုယ်တိုင် တပ်မ
ကျူပြင်ခုတ်ကျူငုတ်မကျန်အောင် တိုက်
အထင်ကရ မော်ကွန်းမှတ်တိုင်ပဲဗျ"

**"တိုင်းပြည်မှာ အရေးကြုံလာတိုင်
မားမားမတ်မတ် ရပ်တည်ခဲ့သလို ပြ
မဏ္ဍိုင်ပြုပြီး နိုင်ငံ့အရေးကိစ္စဟူသမျှမှ
ခဲ့ကြတာဟာ မြန်မာ့သမိုင်းရဲ့ အစဉ်အ
လေ"**

"မှန်တယ်ဗျို့၊ ၁၉၈၈ ခုနှစ် အဓေ
ရဲ့ လိုလားချက်အစစ်အမှန်က တိုင်
ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးပဲဖြစ်တယ်။
လက်ယာ၊ ဗကပက လက်ဝဲ၊ ဘေးနံ
လုပ်ကြံဖန်တီးခဲ့ကြတယ်။ ဒါကြောင့်မို့
လူသတ်၊ လုယက်၊ ဖျက်ဆီး၊ ဆူပူအ
ကူးစက်ပြန့်ပွားပြီး ထိန်းမနိုင်သိမ်းမ

"နောက်ဆုံးမှာ နိုင်ငံရေး အရေ
လုပ်ရပ်ကြောင့် ပြည်သူလူထုဟာ ကို
တယ်။ အသက်အိုးအိမ် စည်းစိမ်လုံ
ရောက်ခဲ့ကြရတာ ခင်ဗျားတို့ ကျွန်ေ

"အဲဒီကာလတုန်းက ဆူပူအကြ
မို့တဲ့ ပြည်သူတွေဟာ ရပ်မိရပ်ဖတွေ
ရပ်ရွာဒေသ အေးချမ်းသာယာရေးနဲ့ လ
တက်တက်ကြွကြွ ကာကွယ်စောင့်ရှေ

"အဲဒီလို အကွပ်မဲ့ကြမ်း ပရမ်းပ
ချိန်မှာ တပ်မတော်က ပြည်သူလူထုရဲ့
နဲ့ အချုပ်အခြာအာဏာ မဆုံးရှုံးစေ
ထိန်းသိမ်းရယူခဲ့ရတာဟာ သမိုင်းဖြစ်

"အဲဒီအချိန်ကစပြီး ပြည်သူလူထုရဲ
စနစ်ကိုဖျက်သိမ်းပြီး ပါတီစုံဒီမိုကရေစီ
ပြည်သူတွေ မလိုလားတော့တဲ့ ဆိုရှယ်
ပြီး ပြည်သူတွေလိုလားတဲ့ ဈေးကွက်
ဆောင်ပေးနေတယ်။ ဒါတွေအားလုံ
ထင်ရှားပဲ မဟုတ်လား"

**"ဒါကြောင့်မို့ ပြည်သူလူထုက ယ
တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေ၊ နိုင်ငံတေ
ဒီမိုကရေစီအသွင်ကူးပြောင်းရေး လု
သက်ဝင်မှု အပြည့်အဝနဲ့ ပူးပေါင်းဆေ**

"အခုလို မြန်မာနိုင်ငံရဲ့ ဒီမိုကရေ
စဉ်ကို လက်ငင်းလက်တွေ့ ဖော်ဆော
နဲ့ အပေါင်းပါ ပြည်ပြေးတွေ၊ ၈၈ မျိုး
ဘာ့ကြောင့်များ ကဖျက်ယဖျက် ဝင်

**"အဓိကကတော့ နယ်ချဲ့လက်သစ်
သမားဝါဒနဲ့ ဗကပရဲ့ နောက်မီးဆွဲ လ
နေလို့ပဲဖြစ်တယ်။ ဒီနေ့ NLD နဲ့ အ
နေတဲ့ ဒီမိုကရေစီဆိုတာ ဝေလေလေ**

**"သေချာတာပေါ့၊ ပြည်ပြေး NL
တွေ ပူးပေါင်းလုပ်ကြံရေးဆွဲပေးထားတ
NLD က လေယူရာတိမ်းယိမ်းနွဲ့ပြီး လ
နယ်ချဲ့လက်သစ် လုပ်ကြံအကွက်ချထ
ဇာတ်ညွှန်းမှာလဲ ဇာတ်ကောင်တွေအဖြ
ကြတာပဲ"**

"ဟုတ်တယ်ဗျို့၊ ပြည်ပဆရာကြီ
ဝင်ရောက်စွက်ဖက် ကြိုးကိုင်နိုင်ဖို့အတွ
ကို ခုတုံးလုပ်အသုံးချဖို့ ကြိုးပမ်းအာ
ထောက်ခံတဲ့အထဲ NLD က ရှေ့ဆုံ

"NLDနောက်က နောက်ယောင်
ခွက်ကိုနင်းပြီး ကျော်တက်ဖို့ ကြိုးစားေ
အုပ်စုကလဲ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ

"လုံခြုံရေးကောင်စီကလက်မခံဘ
ပြန်တော့ ပြည်တွင်းဆူပူအုံကြွမှုတွေ လ
တိုက်ပွဲစီမံချက်အရရော၊ အသွင်ပြောင်း
ဂျင်းရှပ်ရဲ့ အဖျက်နည်းလမ်းတွေနဲ့ပါ
တာမဟုတ်လား"

"ဂျင်းရှပ်ရဲ့ နည်းနာနိဿယတွေ
ဆုတောင်းပွဲတွေလုပ်ဖို့၊ တရားဥပဒေစိ

သူတို့ဘယ်လိုပဲ လုပ်ကြံလုပ်ကြံ ပြည်သူလူထုကတော့ လုံးဝလက်ခံမှာမဟုတ်ဘူး။ ဒီမိုကရေစီဆိုတာ ဒေါ်လာစားတွေကိုပွဲထုတ်ပြီး တောင်းဆိုနေလို့ မရနိုင်ဘူး။ အားလုံး တစ်စိတ်တည်း တစ်ဝမ်းတည်းနဲ့ အသီးသီး ကျင့်ကြံ လိုက်နာကျင့်သုံးရတဲ့ ကျင့်စဉ်ဆိုတာ သဘောပေါက်နေကြပါပြီ။

ကြီးတွေနဲ့ ပြည်သူတွေကိုယ်တိုင် တပ်မတော်နဲ့လက်တွဲပြီး ဗကပတွေကို ကျူပြင်ခုတ်ကျူငုတ်မကျန်အောင် တိုက်ထုတ်ခဲ့ကြတာ မြန်မာ့သမိုင်းရဲ့ အထင်ကရ မော်ကွန်းမှတ်တိုင်ပဲဗျ"

"တိုင်းပြည်မှာ အရေးကြုံလာတိုင်း တပ်မတော်က ပြည်သူ့ရှေ့က မားမားမတ်မတ် ရပ်တည်ခဲ့သလို ပြည်သူလူထုကလဲ တပ်မတော်ကို မဏ္ဍိုင်ပြုပြီး နိုင်ငံ့အရေးကိစ္စဟူသမျှမှာ ပူးပေါင်းပါဝင် ဆောင်ရွက်ခဲ့ကြတာဟာ မြန်မာ့သမိုင်းရဲ့ အစဉ်အလာကောင်းတစ်ရပ် ဖြစ်နေပြီလေ"

"မှန်တယ်ဗျို့၊ ၁၉၈၈ ခုနှစ် အရေးအခင်းကာလမှာ ပြည်သူလူထုရဲ့ လိုလားချက်အစစ်အမှန်က တိုင်းပြည် အေးချမ်းသာယာရေးနဲ့ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးပဲဖြစ်တယ်။ ဒါပေမယ့် နယ်ချဲ့လက်သစ်က လက်ယာ၊ ဗကပက လက်ဝဲ၊ ဘေးနံနှစ်ဖက်ကနေ ညှပ်ပူးညှပ်ပိတ် လုပ်ကြံဖန်တီးခဲ့ကြတယ်။ ဒါကြောင့်မို့ သွေးရိုးသားရိုးဆန္ဒပြပွဲတွေကနေ လူသတ်၊ လုယက်၊ ဖျက်ဆီး၊ ဆူပူအကြမ်းဖက်တဲ့ မင်းမဲ့စရိုက်တွေ ကူးစက်ပြန့်ပွားပြီး ထိန်းမနိုင်သိမ်းမရ ဖြစ်ခဲ့ရတယ်မဟုတ်လား"

"နောက်ဆုံးမှာ နိုင်ငံရေး အချောင်သမားတွေရဲ့ ပွဲလှန့်ဖျာခင်းလုပ်ရပ်ကြောင့် ပြည်သူလူထုဟာ ကျီးလန့်စာစားဘဝကို ရောက်ခဲ့ရတယ်။ အသက်အိုးအိမ် စည်းစိမ်လုံခြုံမှု ကင်းမဲ့တဲ့အထိ အတိဒုက္ခ ရောက်ခဲ့ကြရတာ ခင်ဗျားတို့ ကျွန်တော်တို့ ကိုယ်တွေ့ပါပဲ"

"အဲဒီကာလတုန်းက ဆူပူအကြမ်းဖက်မှုတွေကို မလိုလား မနှစ်မြို့တဲ့ ပြည်သူတွေဟာ ရပ်မိရပ်ဖတွေနဲ့ စုပေါင်းတိုင်ပင်ပြီး မိမိတို့ ရပ်ရွာဒေသ အေးချမ်းသာယာရေးနဲ့ လုံခြုံရေးအတွက် နိုးနိုးကြားကြား၊ တက်တက်ကြွကြွ ကာကွယ်စောင့်ရှောက်ခဲ့ကြတယ်လေ"

"အဲဒီလို အကွပ်မဲ့ကြမ်း ပရမ်းပတာနဲ့ မင်းမဲ့တိုင်းပြည်လို ဖြစ်နေချိန်မှာ တပ်မတော်က ပြည်သူလူထုရဲ့ အသက်အိုးအိမ်စည်းစိမ် လုံခြုံရေးနဲ့ အချုပ်အခြာအာဏာ မဆုံးရှုံးစေရေးအတွက် နိုင်ငံတော်တာဝန်ကို ထိန်းသိမ်းရယူခဲ့ရတာဟာ သမိုင်းဖြစ်ရပ်မှန်ပါ"

"အဲဒီအချိန်ကစပြီး ပြည်သူလူထုရဲ့ လိုလားချက်အတိုင်း တစ်ပါတီစနစ်ကိုဖျက်သိမ်းပြီး ပါတီစုံဒီမိုကရေစီစနစ်ကို ဖော်ဆောင်ပေးခဲ့တယ်။ ပြည်သူတွေ မလိုလားတော့တဲ့ ဆိုရှယ်လစ်စီးပွားရေးစနစ်ကို ဖျက်သိမ်းပြီး ပြည်သူတွေလိုလားတဲ့ ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဖော်ဆောင်ပေးနေတယ်။ ဒါတွေအားလုံး ယနေ့ထက်တိုင် မျက်မြင်ထင်ရှားပဲ မဟုတ်လား"

"ဒါကြောင့်မို့ ပြည်သူလူထုက ယနေ့ကျင့်သုံးဖော်ဆောင်ပေးနေတဲ့ တိုင်းကျိုးပြည်ပြုလုပ်ငန်းတွေ၊ နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းတွေ၊ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်တွေအပေါ် ယုံကြည်သက်ဝင်မှု အပြည့်အဝနဲ့ ပူးပေါင်းဆောင်ရွက်နေကြတာ ဖြစ်တယ်ဗျ"

"အခုလို မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းရေး လုပ်ငန်းစဉ်ကို လက်ငင်းလက်တွေ့ ဖော်ဆောင်နေတာကို သိလျက်နဲ့ NLD နဲ့ အပေါင်းပါ ပြည်ပြေးတွေ၊ ၈၈ မျိုးဆက်ကျောင်းသား ဆိုသူတွေက ဘာ့ကြောင့်များ ကဖျက်ယဖျက် ဝင်လုပ်နေကြတာလဲဗျာ"

"အဓိကကတော့ နယ်ချဲ့လက်သစ်ရဲ့လက်ဝေခံ လက်ယာအချောင်သမားဝါဒနဲ့ ဗကပရဲ့ နောက်မြီးဆွဲ လက်ဝဲအချောင်သမားဝါဒ ပူးကပ်နေလို့ပဲဖြစ်တယ်။ ဒီနေ့ NLD နဲ့ အပေါင်းပါတွေ ဗန်းပြကြွေးကြော်နေတဲ့ ဒီမိုကရေစီဆိုတာ ဝေလေလေဒီမိုကရေစီ ဖြစ်နေပြီဗျ"

"သေချာတာပေါ့၊ ပြည်ပြေး NLD တွေနဲ့ ဗကပယူဂျီလက်ကျန်တွေ ပူးပေါင်းလုပ်ကြံရေးဆွဲပေးထားတဲ့ လူထုတိုက်ပွဲစီမံချက်ဆိုရင်လဲ NLD က လေယူရာတိမ်းယိမ်းနွဲ့ပြီး လက်ခံကျင့်သုံးလိုက်တာပဲ။ကိုလိုနီ နယ်ချဲ့လက်သစ် လုပ်ကြံအကွက်ချထားတဲ့ အသွင်ပြောင်းဒီမိုကရေစီ ဇာတ်ညွှန်းမှာလဲ ဇာတ်ကောင်တွေအဖြစ် ပါဝင်ကပြအသုံးတော် ခံနေကြတာပဲ"

"ဟုတ်တယ်ဗျို့၊ ပြည်ပဆရာကြီးတွေက မြန်မာ့ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် ကြိုးကိုင်နိုင်ဖို့အတွက် ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ခုတုံးလုပ်အသုံးချဖို့ ကြိုးပမ်းအားထုတ်တော့လဲ ဝမ်းသာအားရ ထောက်ခံတဲ့အထဲ NLD က ရှေ့ဆုံးကပဲ"

"NLDနောက်က နောက်ယောင်ခံလိုက်ရင်း NLD ရဲ့ တံကောက်ခွက်ကိုနင်းပြီး ကျော်တက်ဖို့ ကြိုးစားနေတဲ့ ၈၈ မျိုးဆက်ကျောင်းသား အုပ်စုကလဲ ဝိုင်းကြီးပတ်ပတ်ဒူဝေဝေ လိုက်လုပ်နေတယ်လေ"

"လုံခြုံရေးကောင်စီကလက်မခံဘဲ ဗီတိုအာဏာနဲ့ ပယ်ချလိုက်ပြန်တော့ ပြည်တွင်းဆူပူအုံကြွမှုတွေ လုပ်မှရမယ်ဆိုတဲ့ ဗကပရဲ့ လူထုတိုက်ပွဲစီမံချက်အရရော၊ အသွင်ပြောင်းဒီပလိုမေစီက သွန်သင်ညွှန်ပြတဲ့ ဂျင်းရှပ်ရဲ့ အဖျက်နည်းလမ်းတွေနဲ့ပါ အခုလို တစ်စခန်း ထလာပြန်တာမဟုတ်လား"

"ဂျင်းရှပ်ရဲ့ နည်းနာနိဿယတွေထဲမှာ ဘာသာရေးကိုခုတုံးလုပ်ပြီး ဆုတောင်းပွဲတွေလုပ်ဖို့၊ တရားဥပဒေစိုးမိုးမှုပျက်ပြားအောင်လုပ်ဖို့ စတဲ့ သွယ်ဝိုက်ရင်ဆိုင်ဆန့်ကျင်ရေး နည်းလမ်းမျိုးစုံ ချမှတ်ပေးထားတာကို တွေ့ရတယ်ဗျ"

"ဂျင်းရှပ်ကိုယ်တိုင်က သူ့ရဲ့တိုက်ကွက်တွေဟာ ဆိုဗီယက် ပြည်ထောင်စုကို ပြိုကွဲသွားစေတဲ့ တိုက်ကွက်တွေဖြစ်ကြောင်း ပြောခဲ့တယ်ဆိုပဲ"

"ဒီအကြောင်းတွေကို ပြည်သူတွေက သိကုန်ကြပါပြီ။ ၁၉၈၉ ခုနှစ်ကစပြီး ဒေါ်စုကြည်နဲ့ NLD က ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရေးနဲ့ အလုံးစုံပျက်သုဉ်းရေးကို စွဲကိုင်ကျင့်သုံးခဲ့တယ်။ တစ်ပြိုင်တည်းမှာပဲ ပြည်ပြေးသောင်းကျန်းသူတွေက အကြမ်းဖက်ဖောက်ခွဲတိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့တယ်။ ဒီလုပ်ရပ်တွေကို ပြည်သူလူထုက စက်ဆုပ်ရွံရှာမုန်းတီးနေတဲ့အတွက် အချိုးပြောင်းပြီး သွယ်ဝိုက်ရင်ဆိုင် ဆန့်ကျင်ရေး နည်းလမ်းကို စွဲကိုင်ကျင့်သုံးလာတာပဲဗျ"

"မင်းကိုနိုင်တို့၊ ကိုကိုကြီးတို့လဲ ဘာထူးလို့လဲ၊ ဒီပုတ်ထဲက ဒီပဲတွေပဲမဟုတ်လား။ ၁၉၈၉ ခုနှစ်မှာ တပ်မတော်အစိုးရဆန့်ကျင်မှုတွေကို အတောမသတ်ဘဲ ပြုလုပ်ခဲ့တဲ့အတွက် တည်ဆဲဥပဒေအရ အရေးယူခံခဲ့ကြရတယ်။ ၂၀၀၅ ခုနှစ်ပိုင်းမှာ ပြစ်ဒဏ်ကျခံရာကနေ ပြန်လွတ်လာတော့ နောက်တစ်ခါ ထိပ်တိုက်ရင်ဆိုင်ဆန့်ကျင်ရင် တစ်ကျော့ပြန်ထောင်ထဲဝင်ရမှာ သေချာနေတာမို့ သွယ်ဝိုက်ရင်ဆိုင် ဆန့်ကျင်မှု Campaign အမျိုးမျိုးကို မင်သေသေနဲ့ လုပ်နေကြတာလေ"

"အဲဒါကလဲ တရားမဝင်ဖွဲ့စည်းခဲ့တဲ့ ဗကသမှာ ဒုဥက္ကဋ္ဌအဖြစ် မင်းကိုနိုင်တို့ ကိုကိုကြီးတို့နဲ့အတူ ထိပ်တိုက်ရင်ဆိုင်မှုပြုခဲ့ပြီး အခု အမေရိကန်မှာ US Campaign for Burma ဆိုတဲ့အဖွဲ့ရဲ့ ဒါရိုက်တာလုပ်နေတဲ့ အောင်ဒင်တို့အုပ်စုရဲ့ ပြည်ပက နည်းပေးလမ်းပြအတိုင်း လိုက်လုပ်နေတာပဲဗျ"

"မှန်တယ်ဗျို့၊ ၈၈ မျိုးဆက်ကျောင်းသားအုပ်စု အမည်ခံပြီး လုပ်ခဲ့တဲ့ Letter Campaign၊ Prayer Campaign၊ White Expression Campaign၊ White Line Campaign ဆိုတာတွေဟာ ၂၀၀၅ ခုနှစ် လောက်ကတည်းက အောင်ဒင်တို့ ပြည်ပြေးတစ်သိုက် အမေရိကန်နဲ့ အနောက်နိုင်ငံတချို့မှာ ပြည်ပဆရာကြီးအလိုကျ စလုပ်ခဲ့တဲ့ လှုပ်ရှားမှုတွေပဲဗျ၊ အဲဒီ Campaign မျိုးစုံကို ပြည်တွင်းမှာ ထပ်ဆင့် လုပ်လာတာဖြစ်တယ်ဆိုတာ မျက်ခြည်မပြတ် အကဲခတ်နေသူတိုင်း သိနေကြပါတယ်ဗျာ"

"အဲဒီလို ၈၈ မျိုးဆက်ကျောင်းသားအုပ်စုက NLDရဲ့ တံကောက်ခွက်ကိုနင်းပြီး Campaign အမျိုးမျိုးတွေနဲ့ သွယ်ဝိုက်ရင်ဆိုင်ဆန့်ကျင်မှုတွေလုပ်လာတာမို့ NLD ကလဲ ထောက်ခံသယောင်၊ အားပေးသယောင်နဲ့ ရောယောင်ပြီး မနည်းလိုက်စည်းရုံးနေရတယ်လို့လဲ ကြားရသဗျ"

"သဘောပေါက်ပြီဗျို့၊ မြန်မာ့နိုင်ငံရေးဇာတ်ခုံမှာ မင်းသားကြီးမလုပ်ရလို့ ပတ်မကြီးထိုးဖောက်နေကြတဲ့ အုပ်စုအချင်းချင်း သူ့ထက်ကဲ ရွှေပြည်စိုးလုပ်နေကြတာပဲ။ NLD က မင်းကိုနိုင်တို့အဖွဲ့ရဲ့ သွယ်ဝိုက်ရင်ဆိုင် ဆန့်ကျင်မှုတွေနဲ့အပြိုင် စုစုနွေးကို ဒေါ်စုကြည်လွတ်မြောက်ရေး ဝတ်ပြုဆုတောင်းပွဲဆိုတဲ့ Campaign နဲ့ စင်တင်ပွဲထုတ်လာတာ မဟုတ်လား"

"သေချာတာပေါ့၊ မင်းကိုနိုင်က ပြည်ပဆရာကြီးတွေရဲ့ ဘွဲ့တံဆိပ်ခြောက်ဆု ချီးမြှောက်ခံထားရတယ်လေဗျာ။ စုစုနွေးကတော့ ဘွဲ့တံဆိပ်တစ်ခု ရထားပြီးပြီ။ အဲဒီလို တိုင်းဆူပြည်ဖျက် လုပ်ရပ်တွေနဲ့ ဂုဏ်တက်အောင်လုပ်နေတဲ့သူတွေကို အပြိုင်အဆိုင်ပွဲထုတ်ပြီး ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးမှုပျက်ပြားအောင် လုပ်ကြံဖန်တီးနေကြတာ အမှန်ပဲ"

"သူတို့ဘယ်လိုပဲ လုပ်ကြံလုပ်ကြံ ပြည်သူလူထုကတော့ လုံးဝလက်ခံမှာမဟုတ်ဘူး။ ဒီမိုကရေစီဆိုတာ ဒေါ်လာစားတွေကိုပွဲထုတ်ပြီး တောင်းဆိုနေလို့ မရနိုင်ဘူး။ အားလုံးတစ်စိတ်တည်း တစ်ဝမ်းတည်းနဲ့ အသီးသီးကျင့်ကြံလိုက်နာကျင့်သုံးရတဲ့ ကျင့်စဉ်ဆိုတာ သဘောပေါက်နေကြပါပြီ"

"၁၉၈၈ ဆူပူအကြမ်းဖက်မှုရဲ့ ခါးသီးတဲ့အတွေ့အကြုံကြောင့် ပြည်သူတွေက မြန်မာနိုင်ငံရဲ့ ဒီမိုကရေစီအသွင်ကူးပြောင်းမှုမှာ မိအေးနှစ်ခါနာ အဖြစ်မခံနိုင်ကြတော့ဘူးလေ"

"နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနဲ့ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို Campaign အမျိုးမျိုးနဲ့ ကဖျက်ယဖျက်လုပ်ဖို့ သွေးတိုးစမ်းလာသူမှန်သမျှကို အခုလိုပဲ ဝိုင်းဝန်းတားဆီးထိန်းသိမ်းပြီး သက်ဆိုင်ရာကို အပ်နှံသွားတာဟာ နည်းမှန်လမ်းမှန်နဲ့ သဘာဝကျတဲ့ လုပ်ရပ်ပါဗျာ"

"ရပ်ရွာအေးချမ်းသာယာရေးနဲ့ တရားဥပဒေစိုးမိုးရေးကို ထိန်းသိမ်း စောင့်ရှောက်ခြင်းဟာ ပြည်သူ့ဘဝလုံခြုံရေးနဲ့ နိုင်ငံတော်ကာကွယ်ရေးတာဝန်ကို ထမ်းဆောင်ခြင်းဖြစ်တယ်လို့ ပြည်သူလူထုက ယုံကြည် လက်ခံထားပြီးဖြစ်တယ်လေ။ အဲဒီအတိုင်း လက်တွေ့ကျင့်သုံးနေကြောင်း ဆူပူလှုံ့ဆော်သူမှန်သမျှကို တားဆီးထိန်းသိမ်းနေတဲ့ ဖြစ်ရပ်က သက်သေပြနေပါတယ်"

"၈၈ အရေးအခင်းတုန်းက ကိုယ့်ရပ်ကွက်ကို ကိုယ်ကာကွယ်ခဲ့ကြသလို ယခုလဲ ကိုယ့်ရပ်ကွက်မှာ အခြားအရပ်က ဗရုတ်သုတ်ခတွေ ဆူဆူပူပူလာလုပ်လို့ကတော့ ဝိုင်းဝန်းတားဆီးကြမှာပါပဲ။ အဲဒီ ဗရုတ်သုတ်ခတွေထဲမှာ သူခိုးလမ်းပြလုပ်လာတဲ့ ကိုယ့်ရပ်ကွက်သား လူခံပါနေရင်လဲ ရပ်ခလေ့ရွာခလေ့ မြန်မာ့ခလေ့အရ ဝိုင်းပယ်သွားကြမှာပဲ ဖြစ်တယ်"

"နိုင်ငံတော်နဲ့ ပြည်သူ့အကျိုးစီးပွားကို တစ်ဖက်တစ်လမ်းကနေ သယ်ပိုးထမ်းဆောင်ဖို့ ဖွဲ့စည်းဆောင်ရွက်နေကြတဲ့ လူမှုရေးအသင်းအဖွဲ့တွေကလဲ အခုလိုပဲ ပြည်သူလူထုနဲ့အတူ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးတာဝန်တွေကို ပါဝင်ပူးပေါင်း ဆောင်ရွက်သွားသင့်တယ်လို့ သုံးသပ်မိတယ်"

"မှန်တာပေါ့ဗျာ၊ ဒါကြောင့်မို့ အခုစကားဝိုင်းကို ၁၉၄၇ ခုနှစ် ဇူလိုင်လ ၁၃ ရက်နေ့က ရန်ကုန်မြို့တော်ခန်းမမှာ ဗိုလ်ချုပ်အောင်ဆန်း မိန့်ကြားသွားတဲ့ မိန့်ခွန်းထဲက ကျွန်တော်မှတ်မိသမျှ ကောက်နုတ်ချက်ကလေးနဲ့ နိဂုံးချုပ်လိုက်ချင်ပါတယ်"

"ဆိုပါဦး၊ ၁၉၄၇ ခုနှစ်ဆိုတာ တိုင်းပြည်မှာ ဆူပူအုံကြွမှုတွေဖြစ်အောင် နယ်ချဲ့နောက်လိုက် တွေကရော၊ ဗကပတွေကပါ ဆူပူထကြွသောင်းကျန်းခဲ့တဲ့ကာလပဲဗျ"

"ဗိုလ်ချုပ်က **'အခုလို တိုင်းပြည်မှာ မငြိမ်မသက်ဖြစ်အောင်၊ ဆူဆူပူပူဖြစ်အောင်လုပ်နေတဲ့ ကိစ္စတွေဟာ နယ်ချဲ့သမားအကြိုက် လိုက်လုပ်နေတာတွေပဲ။ ဒါတွေဟာ တိုင်းပြည်အတွက် အကျိုးရှိသလား၊ အကျိုးမရှိဘူးလား ခင်ဗျားတို့ စဉ်းစားကြပါ။ ဆူပူသောင်းကျန်းမှုတွေကို မြန်မာပြည်ချစ်တဲ့ လူမှန်သမျှ ဝိုင်းဝန်းနှိမ်နင်းကြဖို့လိုတယ်'**လို့ မှာကြားသွားတယ်လေဗျာ"။ ။

မြန်မာ့ ရုပ်မြင်သံကြား အစီအစဉ်

၁၀-၅-၂၀၀၇

(ဗုဒ္ဓဟူးနေ့)

၁၃၆၉ ခုနှစ်၊

နယုန်လပြည့်နေ့ (ဥပုသ်နေ့)

နံနက်ပိုင်း

၇း၀၀	၁။	**အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီး ဦးဥတ္တမသာရ၏ ပရိတ်တရားတော်**
၇း၁၅	၂။	**တိပိဋကရေ၊ မေ့ဘဏ္ဍာဂါရိက၊ အဂ္ဂမဟာပဏ္ဍိတ၊ ဘဒ္ဒန္တ သီရိန္ဒာဘိဝံသ (ယောဆရာတော်) ဟောကြားတော်မူအပ်သော ဥပ္ပါတသန္တိပါဠိတော်**
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	**နိုင်ငံတော် သံဃမဟာနာယက အဖွဲ့(အဖွဲ့ဝင်) မွန်ပြည်နယ် သထုံမြို့၊ လယ်ဝန်ကျောင်းတိုက် ပဓာန နာယကဆရာတော် ဘဒ္ဒန္တ သီရိန္ဒ(အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ) ဟောကြားတော်မူအပ်သော "မဟာသမယသုတ္တန် တရားတော်"**
၈း၂၀	၅။	သံသာချိုအေးမင်္ဂလာတေး
၈း၃၀	၆။	International News.
၈း၄၅	၇။	Let's Go.
၉း၀၀	၈။	အစီအစဉ်ပြီး၏။

ညပိုင်း

၄း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၄း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၄း၃၀	၃။	ဓမ္မပူဇာတေးအစီအစဉ်
၄း၄၀	၄။	အဝေးသင်တက္ကသိုလ် ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ – ဒုတိယနှစ် (ရုက္ခဗေဒ၊ သတ္တဗေဒအထူးပြုများ) (ရုက္ခဗေဒ)
၄း၅၀	၅။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာ တေးသံသာ
၅း၀၀	၆။	မြန်မာစာ၊ မြန်မာစကား
၅း၁၀	၇။	သီချင်းကြီးပဒေသာ
၅း၁၅	၈။	ရှုဖွယ်စုံလင် အာဆီယံအစီအစဉ်
၅း၂၅	၉။	ရသပေါ်လွင် သရုပ်ဆောင်လွင်ပြင်
၆း၀၀	၁၀။	ညနေခင်းသတင်း
၆း၃၀	၁၁။	မိုးလေဝသအခြေအနေ
၆း၃၅	၁၂။	သုတစုံလင်ရွှေဉာဏ်ရှင်
၇း၀၀	၁၃။	Discovery
၇း၁၅	၁၄။	"ဆေးလိပ်ကင်းကွာ အနုပညာကမ္ဘာ" (လွင်မိုး၊မင်းမော်ကွန်း၊ ဇာနည်၊ ကင်းကောင်၊ စိုးမြတ်နန္ဒာ၊ လှအဥ္ဇလီတင့်၊ ကြည်လဲ့လဲ့ဦး၊ ဝွမ်းပုံ)
၇း၂၀	၁၅။	ကြားမြင်သုတ ပြည့်ဝစေရာ စာပဒေသာ
၇း၃၅	၁၆။	သီတဂူဆရာတော် အရှင်ဉာဏိဿရ၏ နယုန်လပြည့်မဟာသမယ ကြီးကျယ်ထူးမြတ်သည့် အခါတော်နေ့
၈း၀၀	၁၇။	ပြည်တွင်းသတင်း
	၁၈။	နိုင်ငံတကာသတင်းများ
	၁၉။	မိုးလေဝသအခြေအနေ
	၂၀။	**မြန်မာရုပ်ရှင် "ငါသူတစ်ပါးယောက်ျားမိန်းမ" (ရန်အောင်၊ လွင်မိုး၊ မေသန်းနု၊ ထက်ထက်မိုးဦး၊ ခင်ဇာခြည်ကျော်) (ဒါရိုက်တာ–ပန်းချီစိုးမိုး)**
	၂၁။	မင်းကွန်းဆရာတော်ကြီး ဦးဝိစိတ္တသာရာဘိဝံသ၏ အရပ်ဆယ်မျက်နှာ မေတ္တာဘာဝနာ ပွားများခြင်းတရားတော်
	၂၂။	နောက်တစ်နေ့အစီအစဉ်
	၂၃။	အစီအစဉ်ပြီး၏။

ကျောင်းသုံးစာအုပ်နှင့်ဗလာစာအုပ်လှူဒါန်း

ရန်ကုန် မေ ၂၉

တမူးမြို့ မြို့မဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ကဘော်ချိုင့်ဝှမ်းဒေသ အထက်ပိုင်းရှိ အခြေခံပညာကျောင်း၂၇ကျောင်း စုစုပေါင်း၂၈ ကျောင်းသို့ ကျောင်းဖွင့်ချိန်အမီ ရန်ကုန်မြို့နေ ဒေါက်တာဦးတင်ယုမိသားစုက သတ္တမ အကြိမ်မြောက် ကျောင်းသုံးစာအုပ် (သူငယ်တန်းမှ ဒသမတန်းအထိ)ဘာသာစုံနှင့် ဗလာစာအုပ်များလှူဒါန်းပွဲကို မြို့မရွှေကျင်ကျောင်းတိုက်၌ မေ ၂၀ ရက်က ကျင်းပသည်။

အခမ်းအနားတွင်အလှူရှင် ဒေါက်တာဦးတင်ယု **(အပေါ်ပုံ)** က ကျောင်းသုံး စာအုပ် ဘာသာစုံ ၁၈၀၀ စုံနှင့် ဗလာစာအုပ်ဒါဇင် ၃၁၀၀၊ တန်ဖိုးကျပ် ၆၅ သိန်းဖိုးကို ပေးအပ်လှူဒါန်းရာ ကဘော်အထက်ပိုင်းဒေသရှိ အခြေခံပညာကျောင်း များအတွက် ခရိုင်ဥက္ကဋ္ဌ ဦးလူဖေဝင်းက လက်ခံရယူ၍ မြို့မ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းအတွက် အကျိုးတော်ဆောင်ဥက္ကဋ္ဌ ဦးမောင်မောင်က လက်ခံရယူ ပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့ကြောင်း သိရသည်။ (ခရိုင်ပြန်/ဆက်)

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် ဝါးတန်းလမ်းမှ မဟာသန္တိသုခ ကျောင်းတွင် ရဟန်းခံရှင်ပြုကြသော ဒုလ္လဘရဟန်း ဦးဓမ္မပီယ၊ ဦးကုမာရနှင့် ကိုရင် အရှင်ပညာသိပွတို့က အလှူငွေကျပ် ၂၂၉၈၅၀ ကို ကျောင်းတော်ကြီး ဝင်း၌ အသစ်ဆောက်လုပ်မည့် ဝိသာခါနှစ်ထပ်ကျောင်းဆောင်အတွက် လှူဒါန်းကြရာ ကျောင်းထိုင်ဆရာတော် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ ဇနိတမထေရ်မြတ်က အနုမောဒနာ ရေစက်ချ ချီးမြှင့်ပြီး ဂေါပက အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌ အဂ္ဂမဟာသီရိသုဓမ္မ မဏိဇောတဓရ ဗိုလ်မှူးကြီး စောမြင့်(ငြိမ်း)က လက်ခံ၍ ဂုဏ်ပြုလွှာဆက်ကပ်စဉ်။ (က-ပ)

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး ဘက်စုံပြုပြင်တည်ဆောက်ရန် အလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၉

မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံ စေတီတော်မြတ်ကြီး ဘက်စုံပြုပြင် တည်ဆောက်ရန်အတွက် အလှူငွေပေး အပ်ပွဲကို မေ ၂၆ ရက်က မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ် ကြီး ပရိဝုဏ်အတွင်း၌ကျင်းပရာ အလှူရှင် ရန်ကုန်တိုင်း၊ တောင်ဥက္ကလာပမြို့နယ်၊ ၈ ရပ်ကွက်၊ သစ္စာဥယျာဉ်လမ်းနေ ဒေါ်စန်းမြင့်မိသားစုက ငွေကျပ် ၃၀၀၀၀၀ ပေးအပ်လှူဒါန်းရာ ဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာရေးမှူး ဦးခင်မောင်ဝင်း လက်ခံ ရယူပြီး အလှူရှင်အား ဂုဏ်ပြုမှတ်တမ်း လွှာ ပြန်လည်ပေးအပ်သည်။

ဆက်လက်၍ ကျပ်တစ်သိန်းအထက် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်း လွှာများ ပြန်လည်ပေးအပ်ခဲ့သည်။ ယင်းနောက် မော်လမြိုင်မြို့ သမိုင်းဝင် ကျိုက်သလွံစေတီတော်မြတ်ကြီး ဘက်စုံ ပြုပြင်တည်ဆောက်ရေး လုပ်ငန်းများ အရှိန်အဟုန်မြှင့် ဆောင်ရွက်လျက်ရှိရာ လှူဒါန်းလိုသူများသည် ဘက်စုံပြုပြင် တည်ဆောက်မှုလုပ်ငန်းကော်မတီဥက္ကဋ္ဌ မော်လမြိုင်ခရိုင် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင် မောင် ဖုန်း-၀၅၇-၂၄၈၇၈နှင့် ဘုရား ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ ဘဏ္ဍာ ရေးမှူး ဦးခင်မောင်ဝင်း ဖုန်း-၀၅၇- ၂၃၀၀၄တို့ထံ ဆက်သွယ်လှူဒါန်းနိုင် ကြောင်း သိရသည်။ (က-ပ)

သန်လျင်မြို့နယ် အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန ၂၀၀၇-၂၀၀၈ ပညာသင်နှစ် ပညာသင်စရိတ် ထောက်ပံ့ငွေပေးအပ်ပွဲကို မေ ၂၃ ရက်က မြို့နယ် အစည်းအဝေး ခန်းမ၌ ကျင်းပရာ ဝန်ထမ်း သားသမီး ၅၁ ဦးအတွက် ထောက်ပံ့ ငွေကျပ် ၁၅၀၀၀၀ ကို မြို့နယ် အုပ်ချုပ်ရေးမှူးဦးတင်ဌေးက မြို့နယ် ဒုတိယဦးစီးဌာနမှူး ဒေါ်ယဉ်ယဉ်မာ အား ပေးအပ်စဉ်။

(၅၂၇)



ဒုတိယဝန်ကြီး ဦးကျော်သူခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် ဆော်ဒီအာရေဗျနိုင်ငံများသို့ သွားရောက်ခဲ့

နေပြည်တော် မေ ၂၉

နိုင်ငံတော်ဝန်ကြီးချုပ်၏အထူးကိုယ်စားလှယ် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် အာရပ်စော်ဘွားများ ပြည်ထောင်စုနှင့် ဆော်ဒီအာရေဗျနိုင်ငံများသို့ မေ ၁၄ ရက်မှ ၂၅ ရက်အထိ ချစ်ကြည်ရေးခရီး သွားရောက်ခဲ့ပြီးနောက် မေ ၂၅ ရက်တွင် လေကြောင်းခရီးဖြင့် ပြန်လည်ရောက်ရှိလာသည်။

နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး ဦးကျော်သူ အာရပ်စော်ဘွား များ ပြည်ထောင်စု စွမ်းအင်ဝန်ကြီး ဌာန ဝန်ကြီး H.E.Mohamed bin Dhaen AL-Hamil **အား သွားရောက်တွေ့ဆုံပြီး ဓာတ်ပုံရိုက် စဉ်။** (နိုင်ငံခြားရေး)

ဒုတိယဝန်ကြီး ဦးကျော်သူ ခေါင်းဆောင်သောမြန်မာကိုယ်စားလှယ် အဖွဲ့သည် မေ ၁၄ ရက်တွင် အာရပ် စော်ဘွားများပြည်ထောင်စု အဘူဒါဘီ မြို့သို့ရောက်ရှိရာ အာရပ်စော်ဘွားများ ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။ ဒုတိယ ဝန်ကြီးသည် မေ ၁၅ ရက် နံနက်ပိုင်း တွင် အာရပ်စော်ဘွားများ ပြည်ထောင်စု နိုင်ငံခြားရေးဝန်ကြီးဌာနသို့ သွားရောက်၍ ဒုတိယဝန်ကြီး Dr. Tariq Ahmed al Haidan အား တွေ့ဆုံကာ နှစ်နိုင်ငံ ဆက်ဆံရေး တိုးမြှင့်တည်ဆောက်ရေး ကိစ္စရပ်များကို ဆွေးနွေးကြပြီး နိုင်ငံ တကာကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အာရပ်စော်ဘွားများ ပြည်ထောင်စု စီးပွားရေးဝန်ကြီးဌာန ဒုတိယ ဝန်ကြီး H.E. Abdulla bin Ahmed al Saleh အား စီးပွားရေးဝန်ကြီးဌာနသို့ သွားရောက်တွေ့ဆုံကာ နှစ်နိုင်ငံစီးပွားရေး ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးနှင့် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အခွင့်အလမ်း များကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် မေ ၁၇ ရက် နံနက်ပိုင်းတွင် အာရပ်စော်ဘွားများ ပြည်ထောင်စု စွမ်းအင်ဝန်ကြီးဌာနသို့ သွားရောက်ကာ စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး H.E. Mohamed bin Dhaen al Hamli အား တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် အာရပ်စော်ဘွားများ ပြည်ထောင်စုသမ္မတ၏အကြံပေးပုဂ္ဂိုလ် အိမ်ရှေ့မင်းသား His Highness Sheikh Saroor bin Mohammed al Nahainan၏ သီးခြားဖိတ်ကြားချက် အရ ဘုရင့်နန်းတော်သို့ သွားရောက်ကာ အိမ်ရှေ့မင်းသားအား ဂါရဝပြုနှုတ်ဆက် ပြီး တည်ခင်းဧည့်ခံသော နေ့လယ်စာ စားပွဲသို့ တက်ရောက်ခဲ့သည်။

ဒုတိယဝန်ကြီး ခေါင်းဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် မေ ၁၈ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရီယာ့ဒ်မြို့ သို့ရောက်ရှိရာ ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနမှ တာဝန်ရှိသူ များက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက် ကြသည်။

ဒုတိယဝန်ကြီးသည် မေ ၁၉ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဌာနသို့ သွားရောက်၍ ဒုတိယဝန်ကြီး H.E. Ibrahim O. al Kharashi အား တွေ့ဆုံပြီး နှစ်နိုင်ငံ ဆက်ဆံရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် မေ ၂၀ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ နိုင်ငံခြားရေး ဝန်ကြီးဌာန ဝန်ကြီး H.E. Dr. Nizar bin Obaid Madani အား ၎င်း၏ ရုံးခန်းသို့သွားရောက်တွေ့ဆုံပြီး နှစ်နိုင်ငံ ဆက်ဆံမှု တိုးမြှင့်တည်ဆောက်ရေးနှင့် နိုင်ငံတကာကိစ္စရပ်များအပေါ် အမြင်ချင်း ဖလှယ် ဆွေးနွေးမှုများ ပြုလုပ်ခဲ့သည်။

ဒုတိယဝန်ကြီး ဦးကျော်သူသည် မေ ၂၁ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ အလုပ်သမားဝန်ကြီးဌာနသို့ သွားရောက် ကာ အလုပ်သမားဝန်ကြီးဌာန ဒုတိယ ဝန်ကြီး H.E. Ahmad al Zamil အား တွေ့ဆုံပြီး ဆော်ဒီအာရေဗျ နိုင်ငံတွင် မြန်မာလုပ်သားများ တရားဝင် အလုပ် လုပ်ကိုင်နိုင်မှု အခွင့်အလမ်းများကို ညှိနှိုင်း ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီးသည် မေ ၂၂ ရက် တွင် ရီယာ့ဒ်မြို့ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုအသင်းသို့ သွားရောက် ကာ ရီယာ့ဒ်မြို့ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုအသင်းကောင်စီ ဒုတိယ အထွေထွေအတွင်းရေးမှူးချုပ် Engr. Fahad M. Aslimy ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် နှစ်နိုင်ငံစီးပွား ရေး ပူးပေါင်းဆောင်ရွက်မှု ကိစ္စရပ်များ ကို ဆွေးနွေးခဲ့ကြသည်။

ဒုတိယဝန်ကြီး ဦးကျော်သူသည် မေ ၂၃ ရက်တွင် ဆော်ဒီအာရေဗျနိုင်ငံ ရေနံနှင့်ဓာတ်သတ္တု အရင်းအမြစ်ရေးရာ လက်ထောက်ရေနံဝန်ကြီး His Royal Highness Prince Abdulaziz bin Salman bin Saud အား ၎င်း၏ ရုံးခန်းသို့ သွားရောက်တွေ့ဆုံခဲ့သည်။

ထို့နောက် ဒုတိယဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ဆော်ဒီအာရေဗျနိုင်ငံ ပြည်ထဲရေးဝန်ကြီးဌာနသို့ သွားရောက် ကာ ဒုတိယဝန်ကြီး His Royal Highness Prince Ahmad M. al Salem အား တွေ့ဆုံပြီး နှစ်နိုင်ငံ စွမ်းအင်နှင့် လုံခြုံရေးကိစ္စရပ်များကို ဆွေးနွေး ညှိနှိုင်းခဲ့ကြသည်။

မြန်မာကိုယ်စားလှယ်အဖွဲ့တွင် အဖွဲ့ ဝင်များအဖြစ် ပါဝင်ကြသော အမျိုးသား စီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအုန်းကျော်၊ စွမ်းအင်ဝန်ကြီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးစိုးအောင် နှင့် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဦးသက်ဝင်းတူတို့ ပြန်လည်လိုက်ပါ လာကြသည်။ (သတင်းစဉ်)

တွံတေးအရှင်ကုန္ဒက၏ ဓမ္မပွဲစဉ်များ

ရန်ကုန် မေ ၂၉

ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(မြောက် ပိုင်း)၊ ၅၁ရပ်ကွက်၊ မြဝတီလမ်းကြီး ၁ လမ်း၊ သီရိမင်္ဂလာမဟာစည်ရိပ်သာ ကျောင်းတိုက် ဆရာတော် တွံတေးအရှင် ကုန္ဒက(ဓမ္မကထိက ဗဟုဇနဟိတဓရ) အရှင်သူမြတ်သည် မေ ၃၀ ရက်မှ ဇွန် ၉ရက်အထိ၁၀ရက်တိုင် အထူးတရားပွဲ ကြီးကို ကချင်ပြည်နယ် ဗန်းမော်မြို့ ဇေယျမင်္ဂလာ သာသနာ့ဗိမာန်တော် ဓမ္မသဘင်၌ ည ၇နာရီမှစ၍ နိဗ္ဗာန် ရောက်ကြောင်း တရားတော်များကို ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၃၀-၅-၂၀၀၇ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မြဝတီအဖွင့်
- ၇:၀၅ ၂။ အဖွင့်သီချင်း
- ၇:၁၀ ၃။ မျိုးချစ်တပ်မတော်
- ၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
- ၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
- ၇:၄၅ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
- ၇:၅၀ ၇။ သာယာသီကြွေးခေတ်ဆန်းတေး
- ၇:၅၅ ၈။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၀၀ ၉။ မြဝတီရုပ်မြင်သံကြားသတင်း
- ၈:၁၀ ၁၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၈:၁၅ ၁၁။ အပိတ်နှုတ်ဆက်စကား
- ၈:၁၆ ၁၂။ ပြီးပါပြီ။

ညပိုင်း

- ၄:၀၀ ၁။ မြဝတီအဖွင့်
- ၄:၀၅ ၂။ အဖွင့်သီချင်း
- ၄:၁၅ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၄:၃၀ ၄။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄:၅၀ ၅။ မျိုးချစ်တပ်မတော်
- ၅:၁၀ ၆။ ကျန်းမာကြံ့ခိုင် ဒို့နိုင်ငံ
- ၅:၂၀ ၇။ ရင်ခုန်စီးဆင်းအချစ်သီချင်း
- ၅:၃၀ ၈။ မြတ်နိုးကြစေအမျိုးသားအမွေ
- ၅:၅၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
- ၆:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
- ၆:၁၀ ၁၁။ နိုင်ငံတကာသတင်း
- ၆:၂၀ ၁၂။ မိုးလေဝသသတင်း
- ၆:၂၅ ၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
- ၆:၄၀ ၁၄။ လှုပ်လှုပ်ရှားရှားပုံရိပ်များ
- ၇:၀၀ ၁၅။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မေတ္တာစမ်းရေ" (အပိုင်း-၂၂)**
- ၈:၀၀ ၁၆။ မြဝတီရုပ်မြင်သံကြားသတင်း
- ၁၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
- ၁၈။ English Usage
- ၁၉။ ဗွီစီဒီကျော်ကြားတေးများ
- ၂၀။ ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
- ၂၁။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "မိုးနဂါးသိုင်းရှစ်ကွက်" (အပိုင်း-၃၂)**
- ၂၂။ သင့်အတွက်မနက်ဖြန်
- ၂၃။ အပိတ်နှုတ်ဆက်စကား
- ၂၄။ ပြီးပါပြီ။

ပြည်နယ်နှင့် တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲ တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တံခွန်စိုက်ဒိုင်းဆု ချီးမြှင့်

မန္တလေး မေ ၂၉

၂၀၀၇ခုနှစ် (၁၂)ကြိမ်မြောက် ပြည်နယ်နှင့်တိုင်း အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲကို မေ ၂၅ရက် ညနေ ၄နာရီတွင် မန္တလေးမြို့ ဗထူးအားကစားပြိုင်ကွင်း၌ကျင်းပရာ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် တက်ရောက်ကြည့်ရှုအားပေးသည်။

ဗိုလ်လုပွဲတွင် လက်ရှိချန်ပီယံ ရန်ကုန်တိုင်းအသင်းက မန္တလေးတိုင်းအသင်းကို တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရ ဗိုလ်စွဲသွားသည်။

ထို့နောက် ပြိုင်ပွဲအပြီး ဆုများချီးမြှင့်ပွဲကို ဆက်လက်ကျင်းပရာ စတုတ္ထဆုရ မွန်ပြည်နယ်အသင်းအား ငွေသားဆု ကျပ်တစ်သိန်းငါးသောင်းနှင့် တတိယဆုရ ဧရာဝတီတိုင်းအသင်းအား တစ်ဦးချင်း ကြေးတံဆိပ်ဆုနှင့် ငွေသားဆု ကျပ်သုံးသိန်းကို မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် အထွေထွေအတွင်းရေးမှူး ဦးတင်အောင်က ချီးမြှင့်သည်။ ဆက်လက်၍ ဒုတိယဆုရ မန္တလေးတိုင်း အသင်းအား မြို့တော်ဝန် ဗိုလ်မှူးချုပ် ဖုန်းဇော်ဟန်၏ ဇနီး ဒေါ်မိုးသီတာက တစ်ဦးချင်း ငွေတံဆိပ်ဆုနှင့် ငွေသားဆု ကျပ်ငါးသိန်းကိုချီးမြှင့်သည်။

ထို့နောက် မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော်က နေရာအလိုက် အကောင်းဆုံးဆုများကိုပေးအပ်ချီးမြှင့်ရာ ဂိုးသမား အကောင်းဆုံးဆုရ ဧရာဝတီတိုင်းအသင်းမှ မေခင်ယမင်း၊ နောက်တန်းအကောင်းဆုံးဆုရ ဧရာဝတီတိုင်းအသင်းမှ စန်းစန်းမော်၊ အလယ်တန်း အကောင်းဆုံးဆုရ ရန်ကုန်တိုင်းအသင်းမှ အေးနန္ဒာလှိုင်၊ ရှေ့တန်းအကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရ မန္တလေးတိုင်းအသင်းမှ စန်းယုနိုင်တို့အား ဆုတံဆိပ်နှင့် ငွေသားဆု ကျပ် နှစ်သောင်းစီ ချီးမြှင့်သည်။

မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးဇော်ဇော် အကောင်းဆုံးဂိုးသမားဆုရ ဧရာဝတီတိုင်းအသင်းမှ မေခင်ယမင်းအား ဆုငွေချီးမြှင့်စဉ်။ (၄၆၉)

ဆက်လက်၍ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က အသန့်ရှင်းဆုံးအသင်းဆုရ မန္တလေးတိုင်းအသင်းအား ဆုဖလားနှင့် ငွေသားဆု ကျပ်တစ်သိန်းချီးမြှင့်ပေးအပ်သည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အဝေးရောက်နာယက တိုင်းမှူး၏ ဇနီး ဒေါ်ခင်ပြုံးဝင်းက ပထမဆုရ ရန်ကုန်တိုင်းအသင်းအား ရွှေတံဆိပ်ဆုများ ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော်က ပထမဆုရရှိသော ရန်ကုန်တိုင်းအသင်းအား တံခွန်စိုက်ဒိုင်းဆု၊ ဆင့်ပွားဒိုင်းဆုနှင့် ငွေသားဆု ကျပ် ၁၀သိန်းကို ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် အဝေးရောက်နာယက ဒေါ်ခင်ပြုံးဝင်းတို့က ဆုရအသင်းများမှ အားကစားသမားများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်အားပေး၍ ဆုငွေများ ထပ်မံဂုဏ်ပြုချီးမြှင့်သည်။ (၄၆၉)

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ခင်ဇော် ပထမရရှိသည့် ရန်ကုန်တိုင်း အမျိုးသမီးဘောလုံးအသင်းအား တံခွန်စိုက်ဒိုင်းဆုချီးမြှင့်စဉ်။ (၄၆၉)

မေ ၂၉ရက်က ရန်ကင်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲကို အမှတ်(၅)ရပ်ကွက်ရှိ ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်တွင်ကျင်းပရာ မြို့နယ်ပြန်/ဆက်ဦးစီးမှူး ဒေါ်စမ်းစမ်းအေး၊ ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးနိုင်နှင့် ရပ်ကွက်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌဒေါ်သင်းသင်းဆွေတို့ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။

(မြို့နယ်ပြန်/ဆက်)

NLD ပါတီနှင့် ပါတီခေါင်းဆောင်တို့၏ နိုင်ငံနှင့်လူမျိုးအကျိုး ထိခိုက်ပျက်စီးအောင် လုပ်ဆောင်နေမှု၊ ပြည်ပအားကိုးဖြင့် ပြည်တွင်း ဆူပူမငြိမ်မသက်မှုများဖြစ်ပေါ်အောင် ကြံစည်လုပ်ကိုင်နေမှုတို့ကြောင့် ဓနုဖြူမြို့နယ်မှ ပါတီဝင်ရှစ်ဦး စုပေါင်းနုတ်ထွက်

ရန်ကုန် မေ ၂၉

ဧရာဝတီတိုင်း ဓနုဖြူမြို့နယ် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ပါတီဝင်များဖြစ်ကြသော ကမ်းငူကြီးကျေးရွာမှ ဦးစိုးမြင့်၊ သဲဖြူကျေးရွာမှ ဦးငြိမ်းမောင်၊ အကျော်ကျေးရွာမှ ဦးလှမြိုင်၊ ပျဉ်းချောင်းကျေးရွာမှ ဦးသိန်းလှိုင်၊ ရုံးချောင်းကျေးရွာမှ ဦးကြီးငွေ၊ ပြင်ကသာကျေးရွာမှ ဦးချိန်၊ ဓနုဖြူမြို့ (၁)ရပ်ကွက်မှ ဦးယဉ်ထွေးနှင့် လင်းလွန်းပင်ကျေးရွာမှ ဦးမြအောင်တို့ ရှစ်ဦးသည် ဇန်နဝါရီ ၂၆ရက်တွင် ၎င်းတို့၏ဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD)ပါတီမှ နုတ်ထွက်ကြောင်း နုတ်ထွက်လွှာများရေးသားပြီး အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်(NLD)ဌာနချုပ်နှင့် သက်ဆိုင်ရာ ဒေသအာဏာပိုင်အဖွဲ့အစည်းသို့ နုတ်ထွက်လွှာများကို ပေးပို့နုတ်ထွက်ခဲ့ကြသည်။

ဓနုဖြူမြို့နယ် ပါတီစုံ ဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့သောနုတ်ထွက်လွှာတွင် ၎င်းတို့အနေဖြင့် NLDပါတီနှင့် ပါတီခေါင်းဆောင်တို့၏ နိုင်ငံနှင့်လူမျိုးအကျိုး ထိခိုက်ပျက်စီးအောင်လုပ်ဆောင်နေမှုနှင့် ပြည်ပအားကိုးဖြင့် ပြည်တွင်း ဆူပူမငြိမ်မသက်မှုများဖြစ်ပေါ်အောင် ကြံစည်လုပ်ကိုင်နေမှုတို့ကြောင့် ယုံကြည်အားကိုးခြင်း၊ စိတ်ဝင်စားခြင်းမရှိတော့သဖြင့် ၎င်းတို့၏သဘောဆန္ဒအလျောက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် (NLD) ပါတီမှ နုတ်ထွက်ပါကြောင်းဖြင့် ဖော်ပြထားသည်။ (သတင်းစဉ်)

STI Education က အလုပ်ရုံဆွေးနွေးပွဲကျင်းပမည်

ရန်ကုန် မေ ၂၉

STI Education သည် ဆရာဖြစ်ဒီပလိုမာသင်တန်း၊ စီမံခန့်ခွဲမှုဒီပလိုမာသင်တန်း၊ ဧည့်ဝန်ဆောင်မှုနှင့် ခရီးသွားစီမံခန့်ခွဲ မှုသင်တန်း၊ Logistics စီမံခန့်ခွဲမှုသင်တန်းနှင့် အင်္ဂလိပ်ဘာသာသင်တန်းများကို နိုင်ငံခြားတက္ကသိုလ်များနှင့် ပူးပေါင်း၍ သင်ကြားပို့ချလျက်ရှိသည်။ ထို့အပြင် STI Education က ကြီးမှူး၍ ပြည်တွင်း၊ပြည်ပ ဝါရင့်ဆရာများက အလုပ်ရုံဆွေးနွေးပွဲများကို လစဉ်ကျင်းပလျက်ရှိသည်။

STI Education က ကြီးမှူး၍ ဇွန် ၂ရက်(စနေနေ့)မွန်းလွဲ ၁နာရီတွင် ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မြန်မာအင်ဖိုတက်အဆောက်အအုံ Conference Hall ၌ ပါမောက္ခ ဒေါ်လှမြင့်(ငြိမ်း)က မန်နေဂျာကောင်းတစ်ယောက်၏ ဦးဆောင်မှုစွမ်းရည် (Art of the Boss......Take the Lead), Double Diploma in Supply Chain Management နှင့် Logistics Management ကို လည်းကောင်း၊သင်တန်းဆရာမ Ms. Natalia Talikowskiက ပုံမှန်စာဖတ်နှုန်းထက် ပိုမိုမြန်ဆန်အောင် စာဖတ်နည်း (How to Inspire your English Communication Skills) နှင့် ထူးခြားအောင်မြင်ထင်ရှားသည့် ဆရာတစ်ယောက်ဖြစ်လာရန် (Inspiring your Teaching Career) ခေါင်းစဉ်ဖြင့် လည်းကောင်း ဆွေးနွေးဟောပြောကြမည်ဖြစ်သည်။ ထို့အပြင် အင်္ဂလိပ်ဘာသာ ဆရာဖြစ်ဒီပလိုမာသင်တန်း (Diploma in TESOL) အကြောင်းကိုလည်း ဟောပြောမည်ဖြစ်သည်။

မန်နေဂျာကောင်း တစ်ယောက်၏ ဦးဆောင်မှုစွမ်းရည် (Art of the Boss....Take the Lead) သည် စီးပွားရေးလုပ်ငန်းငယ်များ စတင်ခြင်းနှင့် ငွေကြေးဆိုင်ရာများ ရင်းနှီးခြင်း၊ စီးပွားရေးလုပ်ငန်းရှင်များ၊ မန်နေဂျာများ၏ စွမ်းဆောင်ရည်များ၊ တီထွင်ကြံဆပုံများနှင့် ယင်းတို့၏ သွင်ပြင်လက္ခဏာများ၊ စီမံချက်များပြင်ဆင်ခြင်းနှင့် ယင်းတို့၏ အရေးပါပုံ၊ စီးပွားရေးလုပ်ငန်းအသစ်များ အဘယ်ကြောင့် ဆုံးရှုံးပုံ၊ မန်နေဂျာတစ်ဦးချင်း၏ အမူအကျင့်များနှင့် ယင်းတို့အား လွှမ်းမိုးထားသည့် အချက်အလက်များ၊ မန်နေဂျာကောင်း တစ်ယောက်၏ ပတ်ဝန်းကျင်နှင့် အခက်အခဲများအပေါ် အောင်မြင်စွာ ဦးဆောင်နိုင်ပုံတို့ကို ရှင်းလင်းဆွေးနွေးမည်ဖြစ်သည်။

Double Diploma in Supply Chain Managementနှင့်Logistics Managementသည်Supply Chain Management ၏ ယန္တရား တည်ဆောက်ပုံနှင့် စီမံခန့်ခွဲမှုကိုလည်းကောင်း၊ Customer Relationship Management ဘာသာရပ်မှ ဝယ်သူများနှင့် ဆက်သွယ်ရာတွင် Information Technology အခန်းကဏ္ဍ၏ အရေးပါပုံနှင့် Softwareစနစ်များ အသုံးချပြီး လုပ်ငန်းများ လျင်မြန်ထိရောက်စွာ လုပ်ကိုင်ပုံတို့ကိုလည်းကောင်း ရှင်းလင်းပြောကြားမည်ဖြစ်သည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင် တက်ရောက်လာကြသူများ၏ အင်္ဂလိပ်ဘာသာ စွမ်းရည်ကို ဖော်ထုတ်ပေးမည့်အပြင် ၎င်းတို့နှင့်ကိုက်ညီမည့် အင်္ဂလိပ်စာ စွမ်းရည် သက်ဝင်လှုပ်ရှားပုံကို ပြည်ပ ဝါရင့်ဆရာများက တစ်ဦးချင်း သင်ကြားပေးမည့်အပြင် တက်ရောက်လာသူများ၏ ပုံမှန်စာဖတ်နှုန်းထက် သုံးဆ ပိုမိုနားလည်သဘောပေါက်ရန် စာအမြန်ဖတ်နည်းတို့ကိုပါ သင်ကြားပြသပေးမည်ဖြစ်သည်။

ယင်းအလုပ်ရုံဆွေးနွေးပွဲသို့ စိတ်ပါဝင်စားသူမည်သူမဆို အခမဲ့တက်ရောက်နိုင်ပြီး STI Education တည်ရှိရာ အဆောင်(၇)၊ အခန်း(၃)နှင့် အဆောင်(၄)၊ အခန်း(၇)၊ မြန်မာအင်ဖိုတက်အဆောက်အအုံ လှိုင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၅၀၇၀၄၆၊ ၅၀၇၀၄၈၊၅၀၇၁၅၁နှင့် ၅၀၇၁၅၂တို့သို့ ဆက်သွယ်စာရင်းပေးသွင်းနိုင်ကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

ပါမောက္ခ ဒေါ်လှမြင့်(ငြိမ်း) မန်နေဂျာကောင်းတစ်ယောက်၏ ဦးဆောင်မှုစွမ်းရည် ခေါင်းစဉ်ဖြင့် ဆွေးနွေးဟောပြောစဉ်။ (သတင်းစဉ်)

ရန်ကုန်ကွန်ပျူတာတက္ကသိုလ် အာစရိယပူဇော်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၉

ရန်ကုန် ကွန်ပျူတာ တက္ကသိုလ် ၁၉၈၆-၁၉၈၇ခု ပညာသင်နှစ်မှစတင်၍ ယနေ့အထိ ပညာသင်ကြားခဲ့ကြသည့် ကျောင်းသား၊ ကျောင်းသူဟောင်းများ၏ ဒုတိယအကြိမ် အာစရိယပူဇော်ပွဲကို ဇွန် ၃ ရက်(တနင်္ဂနွေနေ့) နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ကမာရွတ်မြို့နယ်ရှိ တက္ကသိုလ်များ ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်သည်။

အာစရိယပူဇော်ပွဲတွင် ကွယ်လွန်သွားကြသည့် ဆရာကြီး၊ ဆရာမကြီးများအား ရည်စူး၍ ရန်ကုန်ပြည်သူ့ဆေးရုံကြီးသို့ အလှူငွေများပေးအပ်လှူဒါန်းမည်ဖြစ်သည်။ ထို့အပြင် အာစရိယပူဇော်ပွဲသို့ တက်ရောက်နိုင်ခြင်းမရှိသည့် အဝေးရောက် ဆရာကြီး၊ ဆရာမကြီးများအား ဂါရဝပြုပေးအပ်မည့်ငွေများကို ဆရာကြီး၊ ဆရာမကြီးများကိုယ်စား ရန်ကုန်မြို့ လှိုင်မြို့နယ်ရှိ မေတ္တာဝါဒီ ဟသ်ာတ (ပရဟိတ)စာသင်တိုက်သို့ လှူဒါန်းမည်ဖြစ်သည်။ အာစရိယပူဇော်ပွဲသို့ ကျောင်းသား၊ ကျောင်းသူဟောင်းများ မပျက်မကွက် တက်ရောက်ကြပါရန် နှိုးဆော်ဖိတ်ကြားထားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

✻ ကျောဖုံးမှ

ယင်းနောက် ဝန်ကြီးက ကျောက်တိုင်များ အရည်အသွေး ပိုမိုကောင်းမွန်စေရေး ပိုမိုတိုးမြှင့် လုပ်ဆောင် သွားကြရန်နှင့် လျှပ်စစ်စွမ်းအား ပိုမိုမြင့်မားလာမှု အတွက် အထောက်အကူပြု ထုတ်လုပ် ဖြန့်ဖြူးပေးကြရန် မှာကြားပြီး ကျောက်သွန်းလောင်း ပုံစံသွင်းနေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်သာစက်မှုဇုန်ရှိ နေလင်းအောင် ကျောက်တိုင် လုပ်ငန်း စက်ရုံသို့ ရောက်ရှိလာကြရာ ရှင်းလင်းခန်းမ၌ စက်ရုံမှူး ဦးမြင့်ထွန်းက ကျောက်တိုင် စက်ရုံ ထုတ်လုပ်ဖြန့်ဖြူးမှု အခြေအနေများကို ရုပ်ပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြသည်။

ဝန်ကြီးက ကျောက်တိုင်များ စံချိန်စံညွှန်းနှင့်ဈေးကွက်အဆင့်မီ ထုတ်လုပ်ပေးရေး မှာကြားပြီး စက်ရုံ လုပ်ငန်းခွင်အတွင်း ကျောက်တိုင်များ ထုတ်လုပ်နေမှုနှင့် ထုတ်လုပ်ပြီး ကျောက်တိုင်များကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ဝန်ကြီးနှင့်အဖွဲ့သည် ရွှေပြည်သာ စက်မှုဇုန်ရှိ Asian Golden Myanmar Cable Wire စက်ရုံသို့ ရောက်ရှိပြီး ဂျင်နရေတာစက်များနှင့် ဆောက်လုပ်ဆဲ စက်ရုံနေရာများကို ကြည့်ရှုစစ်ဆေးရာ စက်ရုံပိုင်ရှင် ဦးရောင်စန်းနှင့် စက်ရုံမှူး ဦးကျွမ်းဝေတို့က ရှင်းလင်းတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးနှင့်အဖွဲ့သည် သာခုကန်စက်မှုဇုန် အပိုင်း (၁/၂)ရှိ စိန်မြို့တော် ကျောက်တိုင် လုပ်ငန်းစက်ရုံသို့ ရောက်ရှိလာကြရာ ရှင်းလင်းခန်းမဆောင်၌ ကျောက်တိုင်လုပ်ငန်းရှင်များ၊ စီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံ၍ လျှပ်စစ်ဓာတ်အား ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့် လျှပ်စစ်မီး သွယ်တန်းရေးလုပ်ငန်းများတွင် ဓာတ်တိုင်များစွာ ထုတ်လုပ်အသုံးပြုရန် လိုအပ်လျက်ရှိကြောင်း၊ ထို့ကြောင့် ကျောက်တိုင် လုပ်ငန်းစက်ရုံများမှ အရည်အသွေး ပိုမိုကောင်းမွန်သော ကျောက်တိုင်များ အင်ပြည့်အားပြည့် ထုတ်လုပ်ပေးကြရန် လိုအပ်ကြောင်း၊ သက်သာသော ဈေးနှုန်းများဖြင့် ထုတ်လုပ်ရောင်းချ ပေးသွင်းသွားကြရန် လိုအပ်ကြောင်း မှာကြားသည်။

ထို့နောက် ပြီး ဝန်ကြီးနှင့်အဖွဲ့ စိန်မြို့တော် ကျောက်တိုင် ထုတ်လုပ်မှုလုပ်ငန်းခွင်နှင့် ထုတ်လုပ်ပြီး ကျောက်တိုင်များကို ကြည့်ရှုစစ်ဆေးသည်။ (သတင်းစဉ်)

➪ ပြင်ဦးလွင်မှ

ဝိုင်းမော်–မြစ်ကြီးနား ကားလမ်းပေါ်ရှိ နမ့်မြစ်ခ တံတားကို ကြည့်ရှုစစ်ဆေးပြီး လမ်းအတိုင်း ထွက်ခွာပြီး ဆဒုံးမြို့သို့ ရောက်ရှိကြသည်။ ဆဒုံးမြို့ခန်းမ၌ တိုင်းမှူးနှင့် ဝန်ကြီးများသည် မြို့နယ်ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံပြီး တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

အခမ်းအနားတွင် ဆဒုံးမြို့မှ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်အဆိုပြုလွှာ ၅၀၀ အား ပေးအပ်ရာ ကချင်ပြည်နယ် အတွင်းရေးမှူး ဦးရားဝမ်ဂျူးက လက်ခံသည်။ ထို့နောက် တိုင်းမှူးက ဆဒုံးမြို့နယ် ဆေးရုံအတွက် ဆေးများ ပေးအပ်လှူဒါန်းရာ မြို့နယ်ဆရာဝန်က လက်ခံသည်။ ထို့နောက် ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟို အတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းဇော်က အသင်းဝတ်စုံများနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက အမျိုးသမီးရေးရာ အဖွဲ့နှင့် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းအတွက် ဝတ်စုံများ ပေးအပ်လှူဒါန်းကြသည်။ ထို့နောက် တိုင်းမှူးနှင့်ဝန်ကြီးများသည် ဆဒုံးဈေးကိုလှည့်လည် ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် ဆဒုံး–ကန်ပိုက်တီး လမ်းကြောင်းတစ်လျှောက် စိုက်ပျိုးထားသော လက်ဖက်စိုက်ခင်းများကို မော်တော်ယာဉ်ဖြင့် ကြည့်ရှုစစ်ဆေးပြီး ကန်ပိုက်တီးမြို့သို့ မွန်းလွဲပိုင်းတွင် ရောက်ရှိကြသည်။

တိုင်းမှူးနှင့် ဝန်ကြီးများသည် ကန်ပိုက်တီးမြို့မှ ဌာနဆိုင်ရာများ၊ ရပ်မိရပ်ဖများ၊ ဒေသခံပြည်သူများအား တွေ့ဆုံပြီး တင်ပြချက်များအပေါ် တိုင်းမှူးနှင့် ဝန်ကြီးများက လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။

အခမ်းအနားတွင် ကန်ပိုက်တီးမြို့ ပြည်သူများ၏ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများ ပေးအပ်ရာ ပြည်နယ်အတွင်းရေးမှူးက လက်ခံသည်။

ထို့နောက် တိုင်းမှူးက ဒေသခံပြည်သူများအတွက် အဝတ်အထည်များ၊ ဗဟိုအတွင်းရေးမှူး ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်က အသင်းဝတ်စုံများနှင့် ဗဟိုအလုပ်အမှုဆောင် ဝန်ကြီး ဗိုလ်မှူးချုပ် မောင်မောင်သိမ်းက ဒေသမွေးမြူရေးလုပ်ငန်း ဆောင်ရွက်ရန် ငွေကျပ်ငါးသိန်းတို့ကို ပေးအပ်ကြရာ သက်ဆိုင်ရာ တာဝန်ရှိသူများက လက်ခံကြသည်။

ဆက်လက်၍ တိုင်းမှူးနှင့် ဝန်ကြီးများသည် ကန်ပိုက်တီးမြို့ရှိ တရုတ်–မြန်မာ နယ်ခြား ကျောက်တိုင်သို့ ရောက်ရှိစစ်ဆေးပြီး မြစ်ကြီးနားသို့ ပြန်လည်ရောက်ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရော်နယ်လ်ဒင်ဟို အနီကတ်ပြခံရမှု အယူခံလွှာ တင်သွင်းထား

မဒရစ် မေ ၂၉

စနေနေ့က ကျင်းပသည့် စပိန်လိဂ် ဘောလုံးပြိုင်ပွဲတွင် ဘာစီလိုနာအသင်း၏ တိုက်စစ်မှူး ရော်နယ်လ်ဒင်ဟို အနီကတ်ပြခံရမှုနှင့် ပတ်သက်၍ ပြိုင်ပွဲ ကျင်းပရေးကော်မရှင်ထံ အယူခံလွှာ တင်သွင်းထားကြောင်း ယနေ့အင်တာနက် သတင်းတွင် ဖော်ပြသည်။

မေ ၂၆ ရက်က ဘာစီလိုနာရှိ နယူးကမ့် အားကစားပြိုင်ပွဲရုံ၌ ကျင်းပသည့်ပွဲတွင် ဘရာဇီးလူမျိုးဘောလုံးသမား ရော်နယ်ဒင်ဟို ထုတ်ပယ်ခံခဲ့ရသည်။ ရော်နယ်ဒင်ဟိုသည် ပထမပိုင်း မပြီးမီ ငါးမိနစ်အလိုတွင် ဂီတာဖေးအသင်းမှ ဒေးဗစ်ဘီလင်ဂွာအား ခြေထောက်ဖြင့် ကန်ကျောက်ရန် ရွယ်သည်ဟုဆိုကာ ဒိုင်လူကြီး အယ်လ်ဖွန်ဆိုပီရက်ဇ်က အနီကတ်ပြ ထုတ်ပယ်ခဲ့သည်။

ရော်နယ်ဒင်ဟိုသည် ၎င်း၏ ပြိုင်ဘက် ဘောလုံးသမားအား ရန်မူခဲ့ခြင်းမရှိပုံကို ဗီဒီယိုမှတ်တမ်း အထောက်အထားဖြင့် အယူခံဝင်ထားကြောင်း ဘာစီလိုနာ အသင်း၏ကြေညာချက်တွင် ဖော်ပြထားသည်။

အကယ်၍ ရော်နယ်လ်ဒင်ဟိုသည် ပြစ်ဒဏ်ကျခံရမည်ဆိုပါက လာလီဂါဘောလုံးပြိုင်ပွဲ၏ အရေးအကြီးဆုံး နောက်ဆုံးပွဲနှစ်ပွဲတွင် ပါဝင်ကစားနိုင်မည် မဟုတ်ပေ။ **အင်တာနက်**

ဘာယန်မြူးနစ် ကွင်းလယ် ကစားသမား အိုဝင်ဟားဂရေ့ဗ်စ်။

(ဓာတ်ပုံ–အင်တာနက်)

အင်တာနက်အားကစားသတင်းများ

မေ ၂၆ ရက်က ကျင်းပသည့် စပိန် ပထမတန်းဘောလုံးပြိုင်ပွဲတွင် အနီကတ်ပြခံရသူ ရော်နယ်လ်ဒင်ဟို ဒိုင်လူကြီးအား စောဒကတက်နေစဉ်။ *(ဓာတ်ပုံ–အင်တာနက်)*

ဘာယန်မြူးနစ်မှ အိုဝင်ဟားဂရေ့ဗ်စ် မန်ချက်စတာယူနိုက်တက်အသင်းသို့ ရောက်မည်

မန်ချက်စတာ မေ ၂၉

ဘာယန်မြူးနစ် ကွင်းလယ်ကစားသမား အိုဝင်ဟားဂရေ့ဗ်စ်သည် မန်ချက်စတာ ယူနိုက်တက်အသင်းသို့ အသင်းပြောင်းရွှေ့ကြေး ပေါင်ငွေ ၁၇သန်းဖြင့် ပြောင်းရွှေ့မည့် ကန်ထရိုက်စာချုပ်ကို လက်မှတ်ရေးထိုးတော့မည်ဖြစ်ကြောင်း မန်ချက်စတာ ညနေခင်းသတင်း အမည်ရှိ သတင်းစာက ယနေ့ရေးသား ဖော်ပြသည်။

ငါးနှစ်ကစားရန်

အင်္ဂလန် လက်ရွေးစင် ဘောလုံးသမား အိုဝင်ဟားဂရေ့ဗ်စ်သည် လွန်ခဲ့သည့် ရက်သတ္တပတ်က ကျန်းမာရေးစစ်ဆေးမှု အောင်မြင်ခဲ့ပြီးနောက် မန်ချက်စတာယူနိုက်တက်အသင်းတွင် ငါးနှစ်ပါဝင်ကစားရန် သဘောတူညီခဲ့သည်။

မန်ချက်စတာ ယူနိုက်တက်အသင်း မန်နေဂျာ အဲလက်စ်ဖာဂူဆန်သည် အသက် (၂၆)နှစ်အရွယ်ရှိပြီး ဟားဂရေ့ဗ်စ်အား ခေါ်ယူရန် လွန်ခဲ့သည့် တစ်နှစ်ကျော်ကပင် ကြိုးပမ်းခဲ့ပြီး ယခုအခါ ၎င်း၏ ကြိုးပမ်းချက် အထမြောက်ပြီ ဖြစ်ကြောင်း သတင်းစာတွင် ရေးသားဖော်ပြသည်။ **အင်တာနက်**

❐ နိုင်ငံတော်မှ

အရှေ့ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်ပီပီ တောတွင်း လက်နက်ကိုင်အဖွဲ့မှ စည်းရုံးရေးတာဝန်ခံ ဂျိုးဇက်သည် (အမ်–၁၆) မောင်းပြန်ရိုင်ဖယ်တစ်လက်၊ (အေအာရ်–၁၅) တစ်လက်၊ ၎င်းကျည်အိမ်နှစ်ခု၊ ၎င်းကျည် ၁၆ တောင့်တို့ဖြင့်လည်းကောင်း၊ ပြည်ထဲရေးဒုတိယဝန်ကြီးအဆင့်ရှိ ဦးသာဦးသည်လည်းကောင်း၊ အက်စ်အက်စ်အေ(ရှက်ဆစ်)အဖွဲ့မှ တပ်သား ဝမ်ဆော၊ အိုက်ရီ၊ အိုက်လင်း၊ စိုင်းအောင်နှင့် စိုင်းအေးတို့သည်လည်းကောင်း၊ ဆက်ကြေးတာဝန်ခံ စလေပညာသည်လည်းကောင်း၊ ရင်း(၉)မှ တပ်သား အိုက်ပီး၊ ဗဟိုဌာနချုပ်မှတပ်သား စိုင်းထွန်းနှင့် လုံးအောင်းတို့သည် လည်းကောင်း။

အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် အေအယ်လ်ပီ တောတွင်းလက်နက်ကိုင်အဖွဲ့မှ ဒုတိယတပ်ကြပ်အဆင့်ရှိ ထွန်းရွှေမောင်နှင့် တပ်သားထွန်းအေးမြင့်တို့သည်လည်းကောင်း၊ တောင်ပိုင်းတိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ (၂) ရင်း (၅)မှ တပ်သား ဟင်နရီနှင့် စောဇော်ဝါးတို့သည် ကျည်အိမ်တစ်ခု၊ ကျည် ၂၀ တောင့်တို့ဖြင့် လည်းကောင်း၊ တပ်သားစောအောင်မင်း၊ စောသာစိုး၊ အယ်သပလေးနှင့် နေလကြယ်(ခေါ်) စိန်လွန်းကျော်တို့သည်လည်းကောင်း၊ တပ်မဟာ(၃) ဗဟိုဌာနချုပ်မှ တပ်သား စောထိုဘီသည် လက်ပစ်ဗုံးနှစ်လုံးဖြင့်လည်းကောင်း၊ ရင်း(၈)မှ တပ်သား ကြည်သိန်းသည် မှီခိုသူတစ်ဦးဖြင့်လည်းကောင်း။

ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၄) ရင်း (၁၀)မှ တပ်သားစောဌေးသည် လက်ပစ်ဗုံးတစ်လုံးဖြင့်လည်းကောင်း၊ ရင်း (၁၁)မှ တပ်သားချစ်ဝင်းသည် လက်ပစ်ဗုံးတစ်လုံးဖြင့်လည်းကောင်း။

အရှေ့တောင်တိုင်း စစ်ဌာနချုပ်နယ်မြေတွင် ကေအင်န်ယူ တောတွင်းလက်နက်ကိုင်အဖွဲ့ တပ်မဟာ(၁) ရင်း(၂)မှ ဒုတိယအရာခံဗိုလ်အဆင့်ရှိ ဖားကြီးနှင့်မှီခိုသူတစ်ဦးတို့သည် ကာဘိုင်တစ်လက်၊ ၎င်းကျည်အိမ်တစ်ခု၊ ၎င်းကျည်ငါးတောင့်နှင့် လမ်းလျှောက်စကားပြောစက်တစ်လုံးတို့ဖြင့် လည်းကောင်း၊ တပ်မဟာ(၅) ရင်း(၂)မှ တပ်သားချီဘူး(ခေါ်) သန်းဦးသည် မှီခိုသူသုံးဦးနှင့် လမ်းလျှောက် စကားပြောစက်တစ်လုံးတို့ဖြင့်လည်းကောင်း အသီးသီး လက်နက်နှင့် ငြိမ်းချမ်းရေးလဲလှယ်ဝင်ရောက်ခဲ့ကြသည်။

အဆိုပါကာလများအတွင်း လက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လာခဲ့ကြသူ စုစုပေါင်း ၂၉ ဦးနှင့် မိသားစုဝင်ငါးဦးတို့အား သက်ဆိုင်ရာ တပ်စခန်းအသီးသီးမှ တာဝန်ရှိသူများက လိုက်လံပျူငှာစွာကြိုဆိုခဲ့ကြပြီး လိုအပ်သည်များကို ပံ့ပိုးဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် အလားတူလက်နက်နှင့် ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်ရန် ရှိနေသေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဈေးပြိုင်ချိပ်ပိတ်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးဝန်ကြီးဌာန၊ မြန်မာ့လေကြောင်း ဗန်းမော်ဌာနခွဲရုံး ဆောက်လုပ်ခြင်းနှင့် ကော့သောင်းဌာနခွဲရုံး ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများ ဆောင်ရွက်မည်ဖြစ်ပါသည်–

(က) ဗန်းမော်ဌာနခွဲရုံးဆောက်လုပ်ရန်

(၁) အလျား	၂၀ ပေ
(၂) အနံ	၇၀ ပေ
(၃) အမြင့်	၂၀ ပေ
(၄) သွပ်မိုး၊အုတ်ညှပ်	
(၅) ရေ၊မီး၊မိလ္လာအပါအဝင်	

(ခ) ကော့သောင်းဌာနခွဲရုံးပြုပြင်ရန်

(၁) အမိုးပြုပြင်ခြင်း

(၂) အကာများပြုပြင်ခြင်း

၂။ အဆောက်အအုံဆောက်လုပ်ခြင်းနှင့် ပြုပြင်ခြင်း လုပ်ဆောင်လိုသူများသည် မြန်မာ့လေကြောင်း၊ အမှတ်(၁၀၄)၊ ကမ်းနားလမ်း၊ ရန်ကုန်မြို့သို့ ၃၁–၅–၂၀၀၇ရက်နေ့ (၁၂:၀၀)နာရီ နောက်ဆုံးထားပြီး ချိပ်ပိတ်ဈေးနှုန်းများ တင်သွင်းနိုင်ပါသည်။

၃။ ချိပ်ပိတ်တင်ဒါများအား ၅–၆–၂၀၀၇ရက်နေ့ (၁၄:၀၀) နာရီအချိန်တွင် ဖွင့်ဖောက်ရွေးချယ်ပါမည်။

မြန်မာ့လေကြောင်း

အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်း၊ အရှေ့ပိုင်းခရိုင်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (၉၁)လမ်း၊ အမှတ်(၁၂၁)၊ ငါးလွှာနေ ဦးခင်မောင်ဌေး မှတ်ပုံတင်အမှတ်–D/RGN–၀၁၃၀၄၃ သည် ပိတ်ချင်းမြောင်နှင့် လဆွန်ကဲ့ အမည်အမှတ်တံဆိပ်တို့ဖြင့် စားသောက်ကုန်ပစ္စည်းများလုပ်ငန်းကို လုပ်ကိုင်ရောင်းချခဲ့ပါသည်။ ယခုအခါ ဦးခင်မောင်ဌေးမှ မြန်မာပြည်သား မြန်မာ့စားသောက်ကုန်လုပ်ငန်းပိုင်ရှင် ဒေါ်ဟေမာ မှတ်ပုံတင်အမှတ်–SCG/၀၀၁၆၃၅ သို့ အမှတ်တံဆိပ်နှင့် လုပ်ငန်းတစ်ခုလုံး လွှဲပြောင်းပေးအပ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

၁။ ရှေ့နေ (စိန်ဂျုန်း) ဦးမျိုးမြင့်(စဉ်–၃၂၅၅) B.A.,H.G.P, R.L II

၂။ ရှေ့နေ ဦးဘုန်းရှင် (စဉ်–၇၆၄၆) B.A.,H.G.P

၃။ ရှေ့နေ ဒေါ်ယဉ်မေထွန်း (စဉ်–၂၄၇၃၇) LL.B,D.B.L

၄။ ရှေ့နေ ဒေါ်ခင်လတ်လတ်စိုး (စဉ်–၂၅၄၃၇)LL.B,B.A (Business Law) Dip in IT (M-2 LAW FIRM)

ရန်ကုန်မြို့။ ရုံး–အမှတ်(၁၂)၊ ပ–ထပ်၊
၂၉–၅–၂၀၀၇ A–၂၊ (၃၅) လမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း–၃၈၀၅၇၇

မူးယစ်ကင်းစင် အလှဆင်

မိဘအမည်မှန်

အထက(၁) ခရမ်း၊ ဒသမတန်း (ဘီ)မှ မောင်ဇော်ဝေအောင်၏ မိဘအမည်မှန်မှာ ဦးအေးကို–ဒေါ်တင်မာဝေဖြစ်ပါကြောင်း။

ဖွင့်လှစ်

တောင်ဥက္ကလာပမြို့နယ် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းမှ ကြီးမှူးဖွင့်လှစ်သော အခြေခံစည်းရုံးရေးသင်တန်းအမှတ်စဉ် (၂၅)ကို မြို့နယ်အနေးယာဉ်အခြေစိုက်ရုံး၌ မေ ၂၈ရက်က ဖွင့်လှစ်ရာ ရန်ကုန်တိုင်း ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း တွဲဖက်အတွင်းရေးမှူး ဦးသာဝင်း ပို့ချစဉ်။

(၆၃)

ရေဦးမြို့၌ ရေစီးရေလာကောင်းရေး ဆောင်ရွက်

ရေဦး မေ ၂၀

ရေဦးမြို့ ဈေးအနောက်ဘက်လမ်းနှင့် မဟာဗန္ဓုလလမ်းတစ်လျှောက်နှင့် မင်းရဲကျော်စွာလမ်း ဘေးဝဲ၊ ယာရှိ ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေးအတွက် မေ ၉ ရက်တွင် အမှိုက်များ၊ မြေစာများ၊ ရွှံ့နွံများဆယ်ယူခြင်းလုပ်ငန်းကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထွန်းထွန်းဦးနှင့် အဖွဲ့ဝန်ထမ်းများ ဆောင်ရွက်ခဲ့ကြသည်။ (မြို့နယ်စည်ပင်)

ပြင်ဦးလွင်မြို့နယ် ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်း ဝိုင်းမော်-မြစ်ကြီးနားလမ်းရှိ နမ့်မြစ်ခတံတားနှင့် လက်ဖက်စိုက်ခင်းများ တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်နှင့် ဝန်ကြီးများ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် တာဝန်ရှိသူများ လိုက်ပါလျက် မေ ၂၄ ရက် နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့နယ်၌ တည်ဆောက်လျက်ရှိသော ရတနာပုံမြို့သစ် တည်ဆောက်ရေးစီမံကိန်းနယ်မြေရှိ တည်ဆောက်ဆဲ Teleport အဆောက်အအုံသို့ ရောက်ရှိလာရာ တည်ဆောက်ရေးတာဝန်ခံများက တည်ဆောက်ပြီးစီးမှုအခြေအနေ၊ ဆက်လက်ဆောင်ရွက်မည့်အခြေအနေများကို ရှင်းလင်းတင်ပြ၍ ဝန်ကြီးများက လှည့်လည်စစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းပေးကာ အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်း ပြီးစီးရန်မှာကြားကြသည်။

တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်နှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့ ဆဒ္ဒံမြို့ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် အဆိုပြုလွှာများပေးအပ်ပွဲကို တက်ရောက်အားပေးစဉ်။

(ဆက်သွယ်ရေး)

ထို့နောက် ဝန်ကြီးများသည် ပြည်တွင်းလုပ်ငန်းရှင်များနှင့် ပြည်ပကုမ္ပဏီများမှ လုပ်ငန်းရှင်များသိလိုသည်များကို လုပ်ငန်းခွင်အတွင်း လှည့်လည်ရှင်းလင်းပြသ ပြောကြားကြသည်။

ယင်းမှတစ်ဆင့် ဝန်ကြီးများအား စီမံကိန်းရှင်းလင်းဆောင်၌ သက်ဆိုင်ရာကော်မတီများအလိုက် လုပ်ငန်းဆောင်ရွက်နေမှုများ၊ ဆောက်လုပ်ရေးနှင့်လမ်းဖောက်ရေးဆောင်ရွက်နေမှုများ၊ စည်ပင်သာယာရေးဦးစီးဌာနမှ စီမံကိန်းအတွက် ရေရရှိရေးဆောင်ရွက်နေမှုများ၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်းမှစီမံကိန်းအတွက် လျှပ်စစ်ဓာတ်အားရရှိရေး ဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြရာ ဝန်ကြီးများက လိုအပ်သည်များ ဖြည့်ဆည်းပေးသည်။ ထို့နောက် ဝန်ကြီးများသည်တက်ရောက်လာသော ပြည်တွင်း ပြည်ပ လုပ်ငန်းရှင်များ၏ သိလိုသည်များကိုရှင်းလင်းပြောကြားပြီး စီမံကိန်းလုပ်ငန်းများအားလုံးအတွက် လိုအပ်သည်များ ဖြည့်ဆည်းပေးကြသည်။

ရတနာပုံမြို့သစ်တည်ဆောက်ရေးစီမံကိန်း ကြီးကြပ်မှုကော်မတီ အစည်းအဝေးကို ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ဆက်လက်ကျင်းပရာ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဆက်သွယ်ရေး၊ စာတိုက်နှင့်ကြေးနန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော် တက်ရောက်၍ အမှာစကား ပြောကြားသည်။

ထို့နောက် တက်ရောက်လာသော ကြီးကြပ်မှုကော်မတီဝင်များက အဆောက်အအုံဆောက်လုပ်ရေး၊ လမ်းဖောက်လုပ်ရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးတို့ကိုတင်ပြကြရာ ဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးပြီး အရည်အသွေးပြည့်မီစွာဖြင့် သတ်မှတ်ချိန်အတွင်းပြီးစီးရေး မှာကြားသည်။

ကချင်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အုန်းမြင့်၊ ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းဇော်၊ ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းတို့သည် တာဝန်ရှိသူများလိုက်ပါလျက် မေ ၂၅ရက် နံနက်ပိုင်းတွင်

စာမျက်နှာ ၁၂ ကော်လံ ၂ သို့ ➪

နိုင်ငံတော်အစိုးရ၏ စေတနာမှန်ကိုသိမြင် တောတွင်း လက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်

နေပြည်တော် မေ ၂၉

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထား၍ အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေးကို ထိထိရောက်ရောက် ကြိုးပမ်းဆောင်ရွက်ခဲ့ပြီး နိုင်ငံအဝန်း အကြားအလပ်မရှိ မျှမျှတတ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိခြင်းကြောင့် နိုင်ငံတော်အစိုးရ၏လုပ်ရပ်နှင့် စေတနာမှန်ကိုသိမြင်လာကြသော တောတွင်းလက်နက်ကိုင်အဖွဲ့အစည်းများသည် ၎င်းတို့၏မှားယွင်းသောလုပ်ရပ်များအပေါ် နားလည်သဘောပေါက်ကာ နိုင်ငံတော်၊ တပ်မတော်နှင့် ပြည်သူတို့၏ရင်ခွင်သို့ တစ်ဦးချင်းမှအစ အစုအဖွဲ့အလိုက် လက်နက်နှင့်ငြိမ်းချမ်းရေး လဲလှယ်ဝင်ရောက်လျက်ရှိရာ ၂၀၀၇ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီ၊ မတ်နှင့် ဧပြီလများအတွင်း–

တြိဂံဒေသ တိုင်းစစ်ဌာနချုပ်နယ်မြေတွင် အက်စ်အက်စ်အေ(ရှက်ဆစ်) တောတွင်းလက်နက်ကိုင်အဖွဲ့ ရင်း(၂၀၄) ခွဲ(၂)မှတပ်သားအိုက်မွန်းသည် (အမ်–၂၂)မောင်းပြန်ရိုင်ဖယ်(၁)လက်၊ ၎င်းကျည်အိမ်(၁)ခု၊ ၎င်းကျည်(၅)တောင့်တို့ဖြင့် လည်းကောင်း၊ တပ်သား အိုက်လုံသည်(အမ်–၂၂)မောင်းပြန်ရိုင်ဖယ်(၁)လက်၊ ၎င်းကျည်အိမ်(၁)ခု၊ ၎င်းကျည်(၁၀)တောင့်၊ မိုင်း(၁)လုံးတို့ဖြင့် လည်းကောင်း၊ ရင်း(၆၇၉)မှ တပ်ကြပ်စိုင်းလင်းသည် ပစ္စတို(၁)လက်၊ ၎င်းကျည်အိမ်(၂)ခု၊ ၎င်းကျည်(၁၁၅)တောင့်၊ လက်ပစ်ဗုံး(၁)လုံးတို့ဖြင့်လည်းကောင်း၊ တပ်သား စိုင်းရွက်လျှိုးသည် လည်းကောင်း၊

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❐

ရွှေပြည်သာနှင့် သာဓုကန်စက်မှုဇုန်ရှိ ကျောက်တိုင်လုပ်ငန်းများ ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၉

အမှတ်(၂)လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့်သည် ယနေ့တွင် တာဝန်ရှိသူများလိုက်ပါလျက် ရန်ကုန်မြို့ လှိုင်သာယာစက်မှုဇုန်(၄)ရှိ မာဃကျောက်တိုင်လုပ်ငန်း စက်ရုံသို့ရောက်ရှိရာ ရှင်းလင်းဆောင်၌ ကျောက်တိုင်စက်ရုံမှူး ဦးတိုးလှိုင်က ဓာတ်တိုင်ထုတ်လုပ်နေမှုအခြေအနေများကို ရုပ်ပုံကားချပ်များနှင့်တကွ ရှင်းလင်းတင်ပြပြီး ရန်ကုန်မြို့တော် လျှပ်စစ်ဓာတ်အားပေးအဖွဲ့အင်ဂျင်နီယာချုပ် ဦးထွန်းအေးက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ✻

အမှတ်(၂) လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ခင်မောင်မြင့် လှိုင်သာယာစက်မှုဇုန်(၄)ရှိ မာဃကျောက်တိုင်လုပ်ငန်းစက်ရုံတွင် ကြည့်ရှုစစ်ဆေးစဉ်။

(သတင်းစဉ်)